# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၁၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းလိုအပ်ချက်အတွက်သာမက ပြည်ပသို့ မျိုးစေ့တင်ပို့မှုအတွက်ကိုပါ ဆောင်ရွက်နိုင်ပြီး အကျိုးအမြတ်ကောင်းစွာရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးတစ်ခုဖြစ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မျိုးစေ့ပြပွဲ ၂၀၂၂ ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) တွင် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် မျိုးစေ့ပြပွဲ ၂၀၂၂(Seed Fair 2022) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ Jean Phang နော်တောင်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ယနေ့ သတင်းအညွှန်း


ဂင်းနစ် ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်ပါ မြန်မာနိုင်ငံ၏ မြို့တော် ဆောင်းပါး စာ - ၁၀

ဗီယက်နမ်နိုင်ငံ၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး မကြာမီ ကျင်းပတော့မည် ဆောင်းပါး စာ - ၁၆

အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချပေး ပြည်တွင်းသတင်း စာ - ၂၁

မြန်မာ့အလင်း

# ထွက်နှုန်းမြင့်၊ ဈေးကောင်းရ

ကျေးလက်ဒေသများ စီးပွားကောင်းမွန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့က ကျေးလက်ကုန်ထုတ်လုပ်မှုများ တိုးတက်မှုအပေါ်တွင် မူတည်သည်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူတစ်ဦးအနေဖြင့် ၎င်းစိုက်ပျိုးသည့် သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စသည်တို့ ထွက်နှုန်းမြင့်ရန်နှင့် ဈေးကောင်းရရန်ဟူသော အချက်နှစ်ချက်ကို မျှော်လင့်ကြရခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှ တောင်သူများတွင် ခေတ်သစ်စိုက်ပျိုးရေးနည်းပညာများ၊ ခေတ်မီစက်ယန္တရားများ အသုံးပြုထုတ်လုပ်နိုင်ကြသည့်အတွက် မြေတစ်ကေချင်း တူလျှင်ပင် ၎င်းတို့၏ ထုတ်လုပ်နိုင်စွမ်းမှာ မြင့်မားကြသည်။ မိရိုးဖလာ သမားရိုးကျ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် နှိုင်းယှဉ်ပါက နည်းပညာနှင့် ယန္တရားများကို အသုံးပြုကြသည့် ခေတ်မီစိုက်ပျိုးရေးစနစ်ကြောင့် ထုတ်လုပ်မှုစရိတ် လျော့နည်းသည့်အတွက် ဈေးကွက်တွင်လည်း ဈေးနှုန်းသက်သာပြီး ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားကြသည်။ သမားရိုးကျထုတ်လုပ်ပြီး အရည်အသွေးနိမ့်သည့်အပြင် ဈေးလည်းမြင့်နေမည့် ကုန်စည်မှာ ဈေးကွက်တွင် တိုးနိုင်မည်မဟုတ်သည်မှာ သေချာလှသည်။

"မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ ၃၈ သန်းမျှသော နိုင်ငံသူ နိုင်ငံသားများသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိက အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြောင်း၊ နိုင်ငံ၏ အဓိကဝင်ငွေရရှိရေးအတွက်လည်း ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ ထုတ်ယူရာတွင် နည်းပညာကို အခြေခံပြီး လုပ်ဆောင်ကြကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ အများစုသည် လုပ်အားကို အခြေပြု၍ ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် လုပ်ဆောင်သည်နှင့်ညီမျှသည့် အကျိုးအမြတ်များ ရရှိအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း" ဖြင့် "မျိုးစေ့ပြပွဲ ၂၀၂၂"ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းအောင်မြင်လိုပါက မျိုး၊ မြေ၊ ရေ၊ နည်း စသည့်(၄)ချက်ကို အလေးထားရန်လည်း တိုက်တွန်းခဲ့ရာ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများအားလုံးကပါ နိုင်ငံ၏ စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှု မြင့်မားရေးဟူသောအမြင်ဖြင့် အလေးထားဆောင်ရွက်ကြရမည်လည်းဖြစ်သည်။ အထူးသဖြင့် တောင်သူများအား နည်းပညာများပေးရာတွင် အထွက်တိုးနည်းပညာများအပြင် ဈေးကွက်ဝင်သီးနှံများအတွက် အကြံဉာဏ်များပေးခြင်း၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း၊ ဈေးကွက်ဝင် အရည်အသွေးမီ ထုတ်လုပ်နိုင်ရန် နည်းပညာပေးခြင်း၊ ပြုပြင်ထုပ်ပိုးမှု နည်းပညာပေးခြင်း၊ စီးပွားဖြစ်စိုက်ပျိုးသည့် သီးနှံပုံစံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ဆောင်ရွက်နိုင်သည့် နည်းလမ်းများ စသည်ဖြင့် ဈေးကွက်နှင့်ဆက်စပ်၍ အသိပညာ၊ နည်းပညာနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုတို့ကို တောင်သူများ ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန်အထိ ပံ့ပိုးကူညီမှုပြုလုပ်ပေးရန် လိုအပ်မည်ဟူ၍ ရှုမြင်မိသည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးအတွက် အခြေခံအရင်းအမြစ်များ တည်ရှိနေသကဲ့သို့ ဘေးပတ်ဝန်းကျင်နိုင်ငံများသည်ပင် အနီးဆုံးဈေးကွက်များဖြစ်သည့် အားသာချက်များလည်း ရှိနေသည်။ စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှု မြင့်မားစေကာ ပြည်တွင်းစားနပ်ရိက္ခာပေါများစေရုံသာမက ပြည်ပတင်ပို့နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများဘဝ မြင့်မားစေရမည်ဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းသည် နိုင်ငံစီးပွားရေးကိုပါ မြင့်မားစေမည်ဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။


## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၉-၂-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၈)၌ ပညာမဲ့သူတို့သည် မိမိကိုယ်မိမိအထင်ကြီးသောစိတ်ဖြင့် မောက်မာစွာ ပြောလေ့ရှိကာမည်မျှပင် အမျိုးမြတ်စေကာမူ ထောင်နေသော စပါးနှံနှင့်တူပြီး အဖိုးမတန်ကြောင်း တင်ဆက်ထားသည့် "ထောင်လွှားမာန" မျက်နှာဖုံးကာတွန်း၊ မြန်မာနိုင်ငံတွင် အရှည်လျားဆုံးသော သက်တမ်းရှည် ကျွန်းတံတားကြီးအကြောင်း တင်ဆက်ထားသည့် "ဦးပိန်တံတား" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်သရုပ်ဖော်ထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ကျောင်းမှန်မှန်တက်ကာ အိမ်စာကို နေ့စဉ်မှန်မှန် လုပ်တော့မည်ဆိုသော မိသဲအကြောင်း ရေးဖွဲ့ထားသည့် "မိသဲ-ကျောင်းမပျက်တော့ပါ"နှစ်မျက်နှာကာတွန်း၊ အခြေအနေနှင့် အချိန်အခါကို ကြည့်၍ပြောဆိုပြုမူနေထိုင်တတ်ခြင်းသည် ကောင်းကျိုးရလဒ်များ ရရှိနိုင်ပုံအကြောင်း၊ တင်ဆက်ထားသည့် "အခြေအနေနှင့် အချိန်အခါ" ပုံပြင်ကဏ္ဍ၊ စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူ သူငယ်ချင်းနှစ်ယောက်အကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "တာတေနဲ့ချာတူး" တစ်မျက်နှာကာတွန်း၊ မိဘတို့၏ သားသမီးများအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာသည် တူညီသော ချစ်ခြင်းမေတ္တာများဖြစ်ကာ အားလုံးကို ညီတူညီမျှချစ်ကြောင်းကို ဆီးဖျော်ရည်သုံးခွက်ဖြင့် ဥပမာပေးတင်ဆက်ထားသည့် "ဆီးဖျော်ရည်သုံးခွက်" ဝတ္ထုကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**




## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈-၂-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antiviral | | | | |
| 1 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 2 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 3 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 5 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 6 | P.O Dextrome-thophan | 10X10's | 1450 | AA Medical |
| 7 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 9 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 10 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❒ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံ မျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ စိုက်ပျိုးရေး တောင်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံမျိုးစေ့အသင်း၊ မျိုးစေ့ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ ပြပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်တို့က မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**အမှာစကားပြောကြား**

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေးလုပ်ငန်းစဉ်အနေဖြင့် သာယာဝပြောမှုရှိစေရန်၊ နိုင်ငံတော်တွင် စားရေရိက္ခာပေါများပြီး နိုင်ငံသူ နိုင်ငံသားများအားလုံး စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝစွာ ရရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ ၃၈ သန်းမျှသော နိုင်ငံသူ၊ နိုင်ငံသားများသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြောင်း၊ နိုင်ငံ၏အဓိကဝင်ငွေရရှိရေးအတွက်လည်း ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ ထုတ်ယူရာတွင် နည်းပညာကိုအခြေခံပြီး လုပ်ဆောင်ကြကြောင်း၊ လက်ရှိမိမိတို့နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ အများစုသည် လုပ်အားကိုအခြေပြု၍ ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် လုပ်ဆောင်သည်နှင့်ညီမျှသည့် အကျိုးအမြတ်များရရှိအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**အရေးအကြီးဆုံးလုပ်ငန်းစဉ်**

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများအတွက် မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးထုတ်လုပ်နိုင်ရေးသည် လယ်ယာကဏ္ဍအတွက် အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ထွန်းအောင်မြင်လိုပါက မျိုး၊ မြေ၊ ရေ၊ နည်း စသည့် ၄ ချက်ကို အလေးထားဆောင်ရွက်ရန် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ ထို့ကြောင့် မျိုးကောင်းမျိုးသန့်များကိုအခြေခံပြီး အခြားလုပ်ငန်းရပ် ၃ ခုဖြင့် ဖြည့်တင်းဆောင်ရွက်သွားကြရခြင်း ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ စိုက်ပျိုးရေးပြုလုပ်ရာတွင် မြေကို စနစ်တကျ ပြင်ဆင်ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ ထည့်သွင်းခြင်းဖြင့် သီးနှံများအတွက် အာဟာရပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း တိရစ္ဆာန်များအတွက် မြေကိုကောင်းအောင် ဆောင်ရွက်ပေးခြင်းနှင့် အာဟာရပြည့်အောင် အစာကျွေးမွေးခြင်းများကို ဆောင်ရွက်ရကြောင်း။

**အကျိုးကျေးဇူးများရရှိနိုင်**

မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု၊ ရေငတ်ဒဏ်ခံနိုင်မှု၊ ရေဝပ်ဒဏ်ခံနိုင်မှု၊ အပူချိန်နိမ့်မြင့်ဒဏ်ခံနိုင်မှု၊ အထွက်ပိုမိုရရှိမှုစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ တောင်သူများအနေဖြင့် သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းပါတိုးတက်လာပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသော လယ်ယာထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဝင်ငွေများမြင့်မားတိုးတက်လာစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုနှစ်မျိုးစေ့ပြပွဲ၏ ဆောင်ပုဒ်အနေဖြင့် **"လူမှုစီးပွားတိုးတက်ဖို့၊ မျိုးကောင်းမျိုးသန့်သုံးကြစို့"** ဟု သတ်မှတ်ပြီး ကျင်းပခြင်းဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီပြည့်စုံစွာ ရရှိစေရန်အတွက် သီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက်လုံးတွင် မျိုးစေ့စတင်ထုတ်လုပ်သည်မှ ဖြန့်ဖြူးခြင်းအပါအဝင် ထိန်းသိမ်းသိုလှောင်ခြင်း၊ ခေတ်မီနည်းပညာများဖြင့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စနစ်တကျ ထုပ်ပိုးပြီး ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းများအထိ အကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

**မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်**

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ရေမြေအခြေအနေကွဲပြားခြားနားမှုရှိသည့် ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး အရည်အသွေးစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် မျိုးစေ့များ ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်သည့် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်၏ အဓိကသီးနှံများဖြစ်သည့် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် စီးပွားဖြစ်မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်အတွက် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ဆီထွက် သီးနှံနှင့်ပဲမျိုးစုံ မျိုးစေ့ထုတ်စိုက်ကေပေါင်း ၄၅၅၂ ဧက၊ စပါးသီးနှံအတွက် တိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပြည်နယ်များတွင် မျိုးစေ့ထုတ်စိုက်ကေပေါင်း ၈၀၄၈ ကေ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်ကို စာရင်းများအရ သိရှိရသည့်အတွက် ရှေ့လာမည့်နှစ်များတွင် ယခုထက်မက ပိုမိုထုတ်လုပ်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရေးကို အားပေးရန် တိုက်တွန်းလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းအတွင်းရှိ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစဉ်။

### ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်

**“မျိုးစေ့မမှန်၊ ပင်မသန်”** ဆိုသည့်စကားအတိုင်း မျိုးစေ့မကောင်းပါက အထွက်နှုန်းလျော့နည်းပြီး တောင်သူလယ်သမားများ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့်အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကူညီပံ့ပိုးထောက်ခံချက်များဖြင့် နိုင်ငံသားကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်နေနိုင်ကြပြီဖြစ်ပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းလိုအပ်ချက်အတွက်သာမက ပြည်ပသို့ မျိုးစေ့တင်ပို့မှုအတွက်ကိုပါ ဆောင်ရွက်နိုင်ပြီး အကျိုးအမြတ်ကောင်းစွာ ရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများ၏အကျိုးကို ရှေးရှုပြီး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ပုဂ္ဂလိက ကဏ္ဍများပါ ဟန်ချက်ညီပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

### နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေး

ထို့ပြင် မိမိတို့နိုင်ငံ၏ ကွဲပြားခြားနားသည့် ဒေသရေမြေ ရာသီဥတုအနေအထားအရ သီးနှံမျိုးပေါင်းများစွာကို မျိုးစေ့ထုတ်လုပ်နိုင်ရန်အတွက် အခြေအနေကောင်းများစွာရှိနေရာ မျိုးစေ့ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် ပြင်ဆင်မှုများ၊ ဖြေလျှော့မှုများ၊ ပံ့ပိုးကူညီမှုများကိုသာ ဖန်တီးပေးနိုင်ပါက မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာပြီး တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မျိုးစေ့ကို နိုင်ငံခြားမှ တင်သွင်းဖြန့်ဖြူးခြင်းထက် ပြည်တွင်း၌ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး ပြည်တွင်းလုံလောက်မှုရှိရုံသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်ကိုပါ ကြိုးပမ်းဆောင်ရွက်သွားကြရန်အတွက်လည်း ထပ်လောင်းပြောကြားလိုပါကြောင်း။

မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့်လည်း တည်ဆဲမျိုးစေ့နှင့် သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်

**❐ မျိုးစေ့ကို နိုင်ငံခြားမှ တင်သွင်းဖြန့်ဖြူးခြင်းထက် ပြည်တွင်း၌ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး ပြည်တွင်းလုံလောက်မှုရှိရုံသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်ကိုပါ ကြိုးပမ်းဆောင်ရွက်**

**❐ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့်လည်း တည်ဆဲမျိုးစေ့နှင့် သက်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန်အတွက်လည်း အထူးမှာကြားလို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန်အတွက်လည်း အထူးမှာကြားလိုပါကြောင်း။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင် အပါအဝင်ဖြစ်သည့် **“တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်”** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယခု “Seed Fair 2022” သည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေမှသည် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်နှင့် အစိုးရဌာနနှင့် ပုဂ္ဂလိကတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျိုးစေ့ကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေပြီး တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022)ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်ကြသူများသည် မျိုးစေ့ပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြခန်းများနှင့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းအတွင်းရှိ စိုက်ခင်းများကို စိတ်ပါဝင်စားစွာဖြင့် လေးနာရီခန့်ကြာ အသေးစိတ်ပြန်လည် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး ရေရှားပါးသည့် ဒေသများရှိ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာ၌ ရေအစက်ချစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး၊ တိရစ္ဆာန်အစာရှားပါးသည့် ဒေသများတွင်လည်း နံ့စားပြောင်း၊ ကောက်ရိုးနှင့်မြက် စသည့် တိရစ္ဆာန်အစာများ ချဉ်ဖတ်ပြုလုပ်ခြင်းကဲ့သို့ တန်ဖိုးမြင့်အစားအစာများ ကျွေးမွေးနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုတွဲဖက်၍ မိတ်ဖက်ကုန်ထုတ်လုပ်ငန်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအလိုက် ကိုက်ညီသည့် ရာသီမရွေးစိုက်ပျိုးနိုင်သည့် နည်းစနစ်များသုတေသနပြုလုပ်၍ တောင်သူများ သိရှိနိုင်စေရေး စသည်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တီထွင်ကြိုးပမ်းပြီး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး အခြားလိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့သည်။

မျိုးစေ့ပြပွဲ ၂၀၂၂(Seed Fair 2022)ကို မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

### ခင်းကျင်းပြသသွားမည်

ယခုပြပွဲကို **“လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့် သုံးကြစို့”** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွားခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ မျိုးစေ့၊ ပျိုးပင်၊ ပြခန်း ပြကွက်များနှင့် စိုက်ခင်းများ၊ ပုဂ္ဂလိက ပြခန်းများ စုံလင်စွာ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မျိုးစေ့ဆိုင်ရာ အချက်အလက်များကိုလည်း www.myanmarseedportal.gov.mm တွင်အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုလေ့လာနိုင်ကြောင်းနှင့် မျိုးစေ့ပြပွဲ ၂၀၂၂ အခမ်းအနားကို (၅) ရက် ကျင်းပသွားမည်ဖြစ်ကာ ပြပွဲရက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေး လုပ်ငန်းများကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)အတွင်းရှိ သမိုင်းဝင်အဆောက်အဦများဖြစ်သည့် စက်မှုဌာန၊ ကျောင်းရုံးခန်းနှင့် ရှေးဟောင်းလယ်ယာသုံးစက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လက်သမားပစ္စည်းများနှင့် အခြားပစ္စည်းများကို လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများကို ရှေးဟောင်းလက်ရာများအတိုင်း စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)ကို ၁၉၁၉ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးဌာနအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးကျောင်းအဖြစ် တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးသင်တန်းကျောင်းကို ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၈၂ ခုနှစ်မှစ၍ စိုက်ပျိုးရေးသင်တန်းများအပြင် မွေးမြူရေးသင်တန်းများကိုပါ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၈၂ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ မွေးမြူရေးဒီပလိုမာလက်မှတ်ရ ၁၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ထူးချွန် ဆရာ ဆရာမများ ကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)သည် မြန်မာနိုင်ငံ၏ ခေတ်မီစိုက်ပျိုးရေးအတွက် သန္ဓေချပေးခဲ့သည့်နေရာတစ်ခုဖြစ်သည့်အပြင် ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)၏ ဌာနချုပ်အဖြစ် တပ်စွဲခဲ့သည့် သမိုင်းဝင်နေရာတစ်ခုလည်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

# (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

(၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၈)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှုတွင် တတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) တပ်ခွဲစစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)တပ်ခွဲ စစ်တီးဝိုင်းအသင်းနှင့် ပထမဆုရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)တပ်ခွဲ စစ်တီးဝိုင်းအသင်းတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အသင်းလိုက်ဆုများကို ပေးအပ်ချီးမြှင့်ရာ (ခ) အဆင့် အသင်းလိုက် အထူးဆု(၂)ရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)တပ်ခွဲ စစ်တီးဝိုင်းအသင်း၊ အသင်းလိုက် အထူးဆု(၁)ရရှိသည့် အမှတ်(၉၉) ခြေလျင်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အသင်းလိုက် တတိယဆုရရှိသည့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) တပ်ခွဲ စစ်တီးဝိုင်းအသင်း၊ အသင်းလိုက် ဒုတိယ ဆုရရှိသည့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် အသင်းလိုက် ပထမဆုရရှိသည့် အမှတ်(၅၅) ခြေလျင်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် (က)အဆင့်တွင် စစ်တီးဝိုင်း ခေါင်းဆောင်ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အသင်းလိုက် အထူးဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ အသင်းလိုက် တတိယဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အသင်းလိုက် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် အသင်းလိုက် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှစတင် ကျင်းပခဲ့ပြီး (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်၍ ယနေ့အထိကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်စစ်တီးဝိုင်း အသင်း ပေါင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဝေါမြို့နယ်၌ လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းသရုပ်ပြ

**ဝေါ ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်ယာမြေများ ထယ်ရေးထွန်ယက်ခြင်းလုပ်ငန်းအား အချိန်ကုန်လူပင်ပန်းသက်သာစွာဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ လက်ကိုင်ရှည်လက်တွန်းထွန်စက်ဖြင့် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်း သရုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျိုက်လှကျေးရွာအုပ်စု ကျိုက်လှကျေးရွာ ကွင်းအမှတ်(၆၈၅)၌ ကျင်းပသည်။

ရှေးဦးစွာ ဝေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ညီညီက လက်ကိုင်ရှည် လက်တွန်းထွန်စက်အကြောင်း ရှင်းလင်းပြောကြားပြီး လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းကို လက်တွေ့သရုပ်ပြရာ ပဲခူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုကြသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက လက်ကိုင်ရှည်လက်တွန်းထွန်းစက် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းကို လက်တွေ့ဝင်ရောက်မောင်းနှင်ကြည့်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



လက်ကိုင်ရှည် လက်တွန်းထွန်စက်ဖြင့် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်း သရုပ်ပြနေစဉ်။

**❖ တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်ရာတွင် နယ်စပ် ဝင်/ထွက် ဂိတ်များ၊ နယ်စပ် ဝင်/ထွက် ဂိတ်အနီးပတ်ဝန်းကျင်တွင်ရှိသည့် သိုလှောင်မှုများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် သယ်ယူပို့ဆောင်မှုများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဆိပ်ကမ်းများ၊ အဆိုပါ လေဆိပ်နှင့် ဆိပ်ကမ်းများတွင်ရှိသည့် သိုလှောင်မှုများအပြင် ဈေးကွက်ကြီးများတည်ရှိရာ မြို့ကြီးများရှိ အဓိက သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုများကိုပါ သတင်းရယူဖော်ထုတ်စစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရမည်**

*❖ ကျောဖုံးမှ*

တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### တရားမဝင်ကုန်သွယ်မှုများကို တားဆီးအရေးယူနိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ နှစ်လတစ်ကြိမ် ပုံမှန်ကျင်းပသည့် အစည်းအဝေးလည်းဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး အတွက် ပြည်ထောင်စုဝန်ကြီးဌာနများအကြား၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် ပိုမိုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပရခြင်းဖြစ်ကြောင်း။

ဦးဆောင်ကော်မတီအနေဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်အခများ မဆုံးရှုံးစေရေး၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးရေးနှင့် စားသုံးသူပြည်သူလူထု အန္တရာယ်ကင်းရှင်းစေရေးတို့အပြင် အမျိုးသားလုံခြုံရေးနှင့် ကျန်းမာရေးတို့ကို ဦးတည်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်ရာတွင် နယ်စပ် ဝင်/ထွက် ဂိတ်များ၊ နယ်စပ် ဝင်/ထွက် ဂိတ် အနီးပတ်ဝန်းကျင်တွင်ရှိသည့် သိုလှောင်မှုများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် သယ်ယူပို့ဆောင်မှုများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဆိပ်ကမ်းများ၊ အဆိုပါလေဆိပ်နှင့် ဆိပ်ကမ်းများတွင်ရှိသည့် သိုလှောင်မှုများအပြင် ဈေးကွက်ကြီးများတည်ရှိရာ မြို့ကြီးများရှိ အဓိကသိုလှောင်မှုနှင့် ဖြန့်ဖြူးမှုများကိုပါ သတင်းရယူဖော်ထုတ်စစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ထိထိမိမိဆောင်ရွက်ကြရမည်

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် အဓိက အကောင်အထည်ဖော်ဆောင်ရွက်ရသည့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် အကောက်ခွန်ဦးစီးဌာန အပါအဝင် One Stop Service (OSS) ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် ပြီးခဲ့သည့်ဦးဆောင်ကော်မတီ အစည်းအဝေးက မြေပြင်လုပ်ငန်းစီမံချက်ဖြင့် Standard Operating Procedures (SOPs) များကို အတည်ပြုခဲ့ပြီး အထူးအဖွဲ့များအားလုံးနှင့် OSS ဌာနဆိုင်ရာအားလုံးသို့ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် OSS ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ရေးဆွဲထားသည့် လုပ်ငန်းစဉ်များအတိုင်း ထိထိမိမိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ဒီဇင်ဘာအထိ ၁၁ လတာ ကာလအတွင်း ၁၉၂၉ မှုနှင့် တန်ဖိုးငွေကျပ် ၇၄၁၂ ဒသမ ၃၇၀ သန်း ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ ဦးဆောင်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးအပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ ဖမ်းဆီးရမိ အမှုတွဲ ၁၃ မှုနှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆ ဒသမ ၃၅၆ သန်း ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ အတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၉၈ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၂၃ ဒသမ ၅၀၃ သန်းကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဖမ်းဆီးရမိသော တရားမဝင်ကုန်သွယ်သည့် ကုန်စည်များကိုကြည့်လျှင် သွင်းကုန်ပစ္စည်းများ အနေဖြင့် လူသုံးကုန်နှင့်စားသောက်ကုန်များဖြစ်ပြီး မိမိတို့၏ပို့ကုန်ပစ္စည်းများသည် နိုင်ငံ၏အဖိုးတန် သယံဇာတတစ်မျိုးတည်းဖြစ်နေသည်ကို တွေ့ရကြောင်း၊ သယံဇာတဟုဆိုရာတွင် သစ်မျိုးစုံ၊ ကျောက်စိမ်းနှင့် သတ္တုများအပြင် သဘာဝတောရိုင်း တိရစ္ဆာန်များလည်း ပါဝင်နေကြောင်း၊ ရုပ်ဝတ္ထုပစ္စည်းများကို တန်ဖိုးသတ်မှတ်၍ ရနိုင်သော်လည်း ရှားပါးတိရစ္ဆာန်များသည် တန်ဖိုးဆုံးဖြတ်၍ မရပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို အမျိုးသားရေးအသိအမြင်ဖြင့် ဝိုင်းဝန်းတားဆီးကြရမည် ဖြစ်ကြောင်း။

**❍ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ပြန်လည်စတင်ခဲ့ရာ ကုန်သွယ်မှု အသင့်အတင့်ရှိနေပြီဖြစ်သော်လည်း မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းတွင် ဖမ်းဆီးရမိမှုများ နည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းရှိ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် ထိရောက်စွာ ဆောင်ရွက်ကြရမည်**

### ဥပဒေနှင့်အညီအရေးယူနိုင်ရေး

အခြားတစ်ခုမှာ တရားမဝင် တင်သွင်းရောက်ရှိနေပြီး ပြည်သူများအတွက် အန္တရာယ်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချနေမှုများ၊ Online နှင့် Social Media များတွင် ကြော်ငြာရောင်းချနေမှုများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက မျက်ခြည်မပြတ် စောင့်ကြည့်ပြီး တရားဥပဒေနှင့် ညီညွတ်မှုမရှိသည်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လုံခြုံစိတ်ချရသည့် ဆက်သွယ်မှုဖြင့် ချိတ်ဆက်ပေးပို့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဥပဒေနှင့်အညီအရေးယူနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ယခင်ကထက်စာလျှင် တိုးတက်မှုရှိသော်လည်း အားရကျေနပ်ဖွယ် မရှိသေးကြောင်း၊ ဖမ်းဆီးရမိမှုများကိုစိစစ်ရာတွင် မြေပြင်စစ်ဆေးရေးအဖွဲ့များအနေဖြင့် ပုံမှန်စစ်ဆေးခြင်းများနှင့် ကုန်ချစစ်ဆေးခြင်းများ ဆောင်ရွက်ရန် လိုအပ်နေသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် လိုင်စင်မဲ့ယာဉ်များကို တားဆီးစစ်ဆေးအရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌ ဖမ်းဆီးရမိမှုများ တွေ့ရသော်လည်း ကမ်းရိုးတန်းဆိပ်ကမ်းများ၌ ဖမ်းဆီးရမိမှုမရှိသေးသည့်အတွက် စစ်ဆေးအရေးယူမှုများကို ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် လိုအပ်ချက်များ ရှိနေသေးသည်ဟု သုံးသပ်ရရှိကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရာတွင် မှန်ကန်သည့် သတင်းရရှိမှုနှင့် သတင်းလုံခြုံမှုသည် အရေးကြီးကြောင်း၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိစေရန် သတင်းပေးတိုင်ကြားနိုင်သည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများကို မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ၍ သတင်းရယူဆောင်ရွက်ခဲ့ရာ တိုင်ကြားမှုသတင်း(၁၆) ကြိမ်လက်ခံရရှိခဲ့ကြောင်း၊ အဆိုပါသတင်းများကို စိစစ်ဖော်ထုတ်ရာတွင် (၁၃) ကြိမ် ဖမ်းဆီးရမိခဲ့ပြီး နောက်ကျသတင်း (၁) ကြိမ်နှင့် သတင်းမှား(၂)ကြိမ် ဖြစ်ကြောင်း၊ တိုင်ကြားသူများထံသို့လည်း အခြေအနေအား အကြောင်းပြန်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် သတင်းပေးတိုင်ကြားချက်အရ သွင်းကုန်ယာဉ်တစ်စီးကို မူဆယ် ၁၀၅ မိုင်တွင် တားဆီးစစ်ဆေးသည့်အခါ ယာဉ်ပေါ်၌ တရားမဝင် သယ်ဆောင်လာသော တစ်ဖက်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၇၃ သန်း ဖမ်းဆီးရမိသည်ကို တွေ့ရှိရကြောင်း၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင်ပြန်လည်စတင်ခဲ့ရာ ကုန်သွယ်မှု အသင့်အတင့်ရှိနေပြီဖြစ်သော်လည်း မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းတွင် ဖမ်းဆီးရမိမှုများ နည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းရှိ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်ကန့်သတ်မှုများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ သွင်းကုန်ပစ္စည်းများအပေါ် ကန့်သတ်မှုများ ပြုလုပ်နေရခြင်းသည် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်စေရေး၊ပြည်တွင်းထုတ်ကုန်များ ဦးစားပေးထုတ်လုပ်နိုင်စေရေးနှင့် ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သို့သော် သွင်းကုန်လိုင်စင် ကန့်သတ်မှုအပေါ် အခွင့်ကောင်းယူ၍ တရားမဝင် ကုန်သွယ်မှုများ ပြုလုပ်လာနိုင်သည့်အတွက် ထိရောက်စွာ တားဆီးစစ်ဆေးဖမ်းဆီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ တရားမဝင်ကုန်သွယ်မှုကွင်းဆက်တစ်လျှောက်လုံးရှိ ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိရေးသည် အထူးအလေးထားကြီးကြပ်ရမည့်အကြောင်းအရာတစ်ရပ် ဖြစ်ကြောင်း၊ ဌာနအချင်းချင်း တည့်မတ်ပေးရန်၊ ထိန်းကျောင်းပေးရန် လိုကြောင်း၊ ထိန်းကျောင်း၍ မရလျှင် ဌာနများအနေဖြင့် ဦးဆောင်ကော်မတီသို့ တင်ပြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကိစ္စများတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှုများကို ဖော်ထုတ်တားဆီးအရေးယူနိုင်ရန် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များနှင့် အီးမေးလ်လိပ်စာများကို နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် အများသိအောင် အသိပေးကြေညာထားပြီးဖြစ်ကြောင်း။

### တိုက်ဖျက်တားဆီးသွားကြရမည်

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာများ၊ နည်းဗျူဟာများနှင့် မြေပြင်လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် မဟာဗျူဟာ၊ နည်းဗျူဟာများအပြင် ရနိုင်သမျှ နည်းလမ်းများဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တိုက်ဖျက်တားဆီးသွားကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ အချင်းချင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၁) အပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦးက ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၂) သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်ဇော်က အန္တရာယ်ဖြစ်စေသည့် တရားမဝင် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများရောင်းချနေမှုကို စောင့်ကြပ်ကြည့်ရှုလျက်ရှိသည့် အခြေအနေများနှင့် ဖမ်းဆီးအရေးယူဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဦးဆောင်ကော်မတီဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်လင်းထွန်းက လုံခြုံရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို လျာထားနေရာသို့ ပြောင်းရွှေ့နိုင်ရေးစီမံချက်ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အားကစားကဏ္ဍတွင် အမျိုးသမီးများ၏ပါဝင်မှုကို မြှင့်တင်ရန်အတွက် စနစ်ကျသောအစီအစဉ်များ ရေးဆွဲရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အာဆီယံအားကစားဆိုင်ရာ အမျိုးသမီးများ ပူးပေါင်းပါဝင်မှုမြှင့်တင်ရေးဖိုရမ် "ASEAN Forum for Promotion of Women Participation in Sports" ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ Virtual Online စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**





အာဆီယံအားကစားဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) (ASEAN Work Plan and Sports 2021–2025) တွင် မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ထည့်သွင်းထားသည့် လုပ်ရှားမှု ငါးခုအနက်မှ တစ်ခုအပါအဝင်ဖြစ်သော အာဆီယံဒေသတွင်း အားကစားကဏ္ဍ၌ အမျိုးသမီးနှင့် မိန်းကလေးငယ်များ ပါဝင်မှုမြှင့်တင်ရေးဖိုရမ်/အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးအစီအစဉ်အောက်ရှိ လှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံက ဦးဆောင်၍ အဆိုပါဖိုရမ်ကို ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီရုံးအဖွဲ့၊ SOMS ရုံးအဖွဲ့တို့မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Deputy Secretary General H.E. Ekkaphab Phnthavong နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့က Video Clips ဖြင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် အာဆီယံအားကစားဆိုင်ရာ အမျိုးသမီးများ ပူးပေါင်းပါဝင်မှုမြှင့်တင်ရေးဖိုရမ်ကို လက်ခံကျင်းပခြင်း ဖြစ်ကြောင်း၊ အမျိုးသမီးများသည် အားကစားကဏ္ဍတွင် ထူးချွန်ထက်မြက်ရုံသာမက လူထုအားကစားတွင်လည်း အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုသည် အမှန်တကယ် အရေးကြီးပါကြောင်း၊ အားကစားကဏ္ဍတွင် အမျိုးသမီးများ၏ပါဝင်မှုကို မြှင့်တင်ရန်အတွက် စနစ်ကျသော အစီအစဉ်များရေးဆွဲရန် လိုအပ်ပါကြောင်း၊ ယခုဖိုရမ်သို့ တက်ရောက်လာသော အသိပညာရှင်/အတတ်ပညာရှင်များနှင့် အသိပညာ နီးနှောဖလှယ်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် ကျား/မ တန်းတူညီမျှမှု အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟု ယူဆပါကြောင်း။

ဤဖိုရမ်မှတစ်ဆင့် Action Plan နှင့်အတူ အားကစားတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ရန်အတွက် များစွာကြိုးပမ်းဆောင်ရွက်ရမည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း၊ အနာဂတ်အားကစားဆိုင်ရာ လှုပ်ရှားမှုများတွင် အထူးသဖြင့် အမျိုးသမီး အားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၌ အာဆီယံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပြီး အမျိုးသားရေးအဆင့်တွင် ဖွံ့ဖြိုးတိုးတက်သောအစီအစဉ်များ၊ ပရိုဂရမ်များနှင့် မဟာဗျူဟာများကို လုပ်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက "Women in Sports in Myanmar " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Thailand National Sports University (Chiang Mai Campus) မှ ကထိက Ms.Pacharakamon Arkornsakul က "Suggestion for Increasing Female Sports Participation in Thailand" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြဲက "Women Lead Women at Administrative Role in Sports" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မလေးရှား အိုလံပစ်ကောင်စီ အမျိုးသမီးနှင့် အားကစားကော်မတီမှ အဖွဲ့ဝင် Ms. Nurul Huda Abdullah က "Women in Sports: Malaysia's Journey to Action" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဖိုရမ်သို့ တက်ရောက်လာသူများက ဆွေးနွေးချက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြပြီး မနက်ပိုင်းအစီအစဉ်ကို ခေတ္တခဏ ရပ်နားသည်။

မွန်းလွဲပိုင်း အစီအစဉ်တွင် ပညာရေးဝန်ကြီးဌာန ဒဂုံတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာစိမ်းညိုညိုက "Women's Participation in Sports in Higher Education" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Portas Consulting and Head of the Asia Pacific office မှ Mr. Asahi Takano က "2021 ASEAN Sports Participation Study" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ International Government and Business Expert (Portas) မှ Mr. JhoshanJothilingam က "2021 ASEAN Sports Participation Study" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသန်းသန်းဌေးက "Women Participation in Paralympic Sports" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ပညာရေး၊ လူငယ်နှင့် အားကစားဌာနမှ Senior Officer Ms. LarastiIndrawagit က "Outcomes of ASEAN–Japan Action on Sports Project: Policy Workshop on Gender Equality in Sports and ASEAN #WeScore Campaign" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဖိုရမ်သို့ တက်ရောက်လာသူများက ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကာ အာဆီယံအတွင်းရေးမှူးချုပ်ရုံး မှ Deputy Secretary General H.E. EkkaphabPhanthavong နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စလင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်ပြည်သူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များတွေ့ဆုံ

**စလင်း ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဈေးမရပ်ကွက် မြတ်ရတနာခမ္မာရုံတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြည်သူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံပွဲကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာ တည်ငြိမ်အေးချမ်း သာယာရေးနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ပူးပေါင်း၍ အဖျက်အမှောင့်ကိစ္စများ တွေ့လျှင် မိမိတို့အား အချိန်မီတင်ပြကာ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး တင့်ကျော်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ အယူအဆနှင့် အမြင်မှားများ မလွဲမှားစေလိုကြောင်းနှင့် ထပ်ဆင့်၍ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအဖျက်အမှောင့်လုပ်ရပ်များ၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာ နယ်မြေအလိုက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများက မိမိတို့၏ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တင်ပြကြရာ သက်ဆိုင်ရာ ဌာနအသီးသီးက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် တွေ့ဆုံပွဲတက်ရောက်လာသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုအပေါင်းအား မိမိတို့နယ်မြေ ရပ်ကွက်အလိုက် ဒေသဖွံ့ဖြိုးရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုများအတွက် ဆောင်ရွက်နေမှု များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

**မောင်လွင်(စလင်း)**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)





အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားအဆင့် ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဥပဒေရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမျိုးသားအဆင့် ကော်မတီဝင် သက်ဆိုင်ရာဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၂)ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသားအဆင့် လုပ်ငန်း စီမံချက် ပထမသုံးလပတ် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ ရေးသားတင်ပြရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ကော်မတီဝင်များက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၂)ကို အကောင်အထည်ဖော်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းစီမံချက် ပထမသုံးလပတ် အစီရင်ခံစာနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# (၂၆) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့် မိသားစုပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**






မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနတို့သည် (၂၆) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့်မိသားစုပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် Virtual Meeting ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ထိုင်းနိုင်ငံမှ လက်ခံကျင်းပခဲ့ပြီး ထိုင်းနိုင်ငံ လူမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Ms. Ramrung Worawat က ကိုဗစ်-၁၉ ကာလအတွင်း နှစ်နိုင်ငံ Online ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ရသော်လည်း နစ်နာသူများအတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက် နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ (၁၀)နှစ်ခန့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် စံပြနိုင်ငံများအဖြစ် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခုအချိန်ထိ (၂၆)ကြိမ်မြောက် အစည်းအဝေးကျင်းပနိုင်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါများ လျော့ချနိုင်ခဲ့ပါက နှစ်နိုင်ငံ မျက်နှာချင်းဆိုင် အစည်းအဝေးပွဲများ ပြန်လည်ကျင်းပရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ယခုအစည်းအဝေးသည် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်နိုင်ရေး အခက်အခဲရှိသည့်အတွက် ယခုကဲ့သို့ Virtual Meeting အဖြစ် နှစ်နိုင်ငံ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ (၂၁)ရာစုတွင် လူကုန်ကူးမှုသည် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ကျေးကျွန်စနစ်အဖြစ် ထွန်းကားလာပြီး ကမ္ဘာ့နိုင်ငံအားလုံးကို သက်ရောက်မှုရှိသည့် လူမှုရေးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ လူကုန်ကူးခံရသူ အများစုသည် အမျိုးသမီးနှင့် ကလေးများ ဖြစ်ခဲ့သော်လည်း ယနေ့ခေတ်တွင် အမျိုးသားဦးရေ တိုးမြင့်လာသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အခြားသော နိုင်ငံများကဲ့သို့ လူကုန်ကူးမှု ပြဿနာကို ကြုံတွေ့နေရပါကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များက (၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုလာစွမ်းအင်ဖြင့် စိုက်ပျိုးရေတင်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ရေတာရှည် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးရေး အထောက်အကူပြု စွမ်းအင်လောင်စာဆီ သုံးစွဲရန်မလိုသော ဆိုလာစနစ်ဖြင့် တစ်ရက်လျှင် ၈ နာရီ ရေတင်နိုင်သည့် လုပ်ငန်းကို ဆွာမင်းလမ်းကျေးရွာအုပ်စု ကွင်းအမှတ် ၆၂ ရှိ တံတားကြီးကျေးရွာနေ တောင်သူဦးသန်းလွင်၏ နွေစပါးစိုက်ခင်း၌ အခြားသော တောင်သူများ လေ့လာကြည့်ရှုနိုင်ရန် တပ်ဆင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။



တပ်ဆင်ထားသော ဆိုလာစနစ်တွင် 325 W ဆိုလာပြား ခြောက်ပြားပါဝင်ပြီး အဆိုပါ ဆိုလာပြားများမှ ထွက်ရှိလာသည့် စွမ်းအင်ဖြင့် ဆိုလာပန့်ကို လည်ပတ်စေခြင်းဖြစ်၍ ဘက်ထရီအိုး မလိုဘဲ သုံးလက်မ ရေစုပ်ပိုက်၊ အထွက် လေးလက်မပိုက်ကို အသုံးပြုနိုင်ခြင်း ဖြစ်သည်။ စိုက်ပျိုးရေတင်ခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွှန့်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုရာ တောင်သူ ဦးသန်းလွင်က နေရောင်ခြည် အလင်းရောင်ရရှိချိန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ တစ်ရက်လျှင် ၈ နာရီကြာ အသုံးပြုနိုင်သည်ဖြစ်၍ တစ်နေ့စာ ရေထွက်အားမှာ မြေနှစ်ဧကအတွက် လုံလောက်စွာရရှိနိုင်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေး လုပ်ငန်းသုံး ဆိုလာစနစ်အားလုံး ငွေကျပ်သိန်း ၃၀ ဝန်းကျင်ခန့် တန်ဖိုးရှိပြီး စက်သုံးဆီကုန်ကျမှုနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျမှုမရှိ၍ စိုက်ပျိုးရေးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ကြသော တောင်သူများအတွက် များစွာ အဆင်ပြေနိုင်မည် ဖြစ်သည်။

**ကိုလွင်(ဆွာ)**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်း
ဆီများ
စားသုံးခြင်းကို
လုံးဝ
ရှောင်ကြဉ်ပါ

# ပြည်သူတစ်ဦးချင်းအလိုက် ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ သွားလာနေထိုင်နိုင်ရေး အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်

ပဲခူး ဖေဖော်ဝါရီ ၁၈

**ပဲခူးတိုင်းဒေသကြီးအတွင်း အိုမီခရွန်ရောဂါပိုး စတင်ဝင်ရောက်လျက်ရှိပြီး ကိုဗစ်-၁၉ရောဂါပိုးတွေ့ရှိမှုများ အနည်းငယ်မြင့်တက်လာသဖြင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရပ်ကွက်နှင့်ကျေးရွာများရှိ ပြည်သူတစ်ဦးချင်းအလိုက် ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ သွားလာနေထိုင်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ Online Zoom Meeting System ဖြင့် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၂) တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က ပြောကြားသည်။**




ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာသင်ကျောင်းများမှလွဲ၍ ကျန်သည့်ဘာသာရေး အဆောက်အဦများ၊ အားကစားခန်းမများ၊ မြို့တော်ခန်းမများ၊ သင်တန်းဆောင်များနှင့် ကိုဗစ်ကုသရေးစင်တာနှင့် Community Based Facility Quarantine များ အသင့်ဖြစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်၊ နေရပ်ပြန်မြန်မာနိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများ စနစ်တကျ ဆောင်ရွက်ရန်၊ လူအစုအလိုက် အပြုံလိုက် ရောဂါပိုး ကူးစက်နိုင်သည့်နေရာများအား ကိုဗစ်-၁၉စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးသွားရန်နှင့် ကိုဗစ် -၁၉ နှင့် ပတ်သက်သည့် စာရင်းဇယား အချက်အလက်များ မှန်မှန်ကန်ကန် စနစ်တကျ ပြုစုထားရှိရန် ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက တပ်ရင်းတပ်ဖွဲ့များရှိ ကိုဗစ်ကုသရေးစင်တာနှင့် Community Based Facility Quarantine (CBFQ) များ ပြင်ဆင်ထားရှိမှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တည်ဆောက်ပေးထားသည့် အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်းရှိ Oxygen Plant အား အသင့်ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ကော်မတီဝင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကို အကြံပြုတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ပေါ်ရှိ ကိုဗစ်ကုသရေးစင်တာနှင့် Community Based Facility Quarantine (CBFQ) များ ပြင်ဆင်ထားရှိမှု၊ Oxygen Plant လည်ပတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် အာဟာရဖြည့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရည်အသွေးမြင့် ဆန်စပါးများကို ကြိတ်ခွဲလျက်ရှိသည့် စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင်ဆန်စက်

**မျိုးမင်းဦး (သမဦးစီး)**

**မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်ကြပြီး စိုက်ပျိုးရေးကိုအခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုလုပ်ကြကာ ကျေးလက်နေတောင်သူလယ်သမားများအနေဖြင့် လယ်ယာထွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ စပါးသည် မြန်မာနိုင်ငံ နေရာအနှံ့အပြား စိုက်ပျိုးထုတ်လုပ်သော အဓိကလယ်ယာထွက်ကုန် တစ်မျိုးဖြစ်သည်။ စပါးကိုကြိတ်ခွဲခြင်းမှ ရရှိသောဆန်ကို ပြည်တွင်း၌ အဓိကစားသုံးသကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချသည်။ တောင်သူလယ်သမားများ စိုက်ပျိုးထားသော စပါးနှင့် လယ်ယာထွက်ကုန်များကို သမဝါယမအသင်းပိုင် ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ နှမ်းအခွံချွတ်စက် စသည့် စက်ရုံ/အလုပ်ရုံများက တောင်သူလယ်သမားများထံမှ ဒေသပေါက်ဈေးဖြင့် ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲ ထုတ်လုပ်လျက်ရှိသည်။**

### စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင် ဆန်စက်၏ အခြေအနေ



အထက်ပါ သမဝါယမအသင်းပိုင် စက်ရုံ/ အလုပ်ရုံများတွင် တစ်ခုအပါအဝင်ဖြစ်သော မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင် ပုလဲအမှတ်(၈) ဆန်စက်သည် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး အုန်းပင်ခြံကျေးရွာတွင် တည်ရှိသည်။ ၂၂-၉-၂၀၀၉ ရက်က စတင်တည်ထောင်ခဲ့ပြီး တစ်နှစ်လျှင် ဆန်တင်း ၈၆၄၀၀ (တန်ဖိုးအားဖြင့် ငွေကျပ် ၂၄၁၉၂ သိန်းဖိုး) ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဆန်စက်ကို ထပ်မံတိုးချဲ့သွားမည် ဖြစ်ကြောင်း၊ ထိုသို့ ထပ်မံ တိုးချဲ့ဆောင်ရွက်ပါက တစ်နှစ်လျှင် ဆန်တင်း ၁၇၂၈၀၀ (တန်ဖိုးအားဖြင့် ကျပ် ၄၈၃၈၄ သိန်းဖိုး) ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

### ဈေးကွက်ထိုးဖောက်နိုင်ရေး ဆောင်ရွက်

စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင် ပုလဲအမှတ်(၈) ဆန်စက်မှ ကြိတ်ခွဲထုတ်လုပ်ပြီး ဆန်များကို ဒေသတွင်း ဈေးကွက်ဖော်ဆောင်မှုအနေဖြင့် အခြေခံ သမဝါယမအသင်းသား တောင်သူများနှင့် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်း အချင်းချင်းထံသို့ သက်သာသော ဈေးနှုန်းများဖြင့် လက်လီ ရောင်းချပေးလျက်ရှိကြောင်း၊ ဒေသပြင်ပဈေးကွက်ဖော်ဆောင်မှု အနေဖြင့် တိုင်းအတွင်းရှိ မြို့နယ်များနှင့် အခြား တိုင်းဒေသကြီး/ပြည်နယ်များသို့ သမဝါယမအသင်း အချင်းချင်း ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အသင်းစုပိုင် တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

### အကျိုးကျေးဇူးများစွာရရှိ

အချုပ်အားဖြင့် ဆိုသော် စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင် ပုလဲအမှတ်(၈) ဆန်စက် လည်ပတ်ခြင်းဖြင့် သမဝါယမ အသင်းသား တောင်သူ လယ်သမားများ၏ စပါးများကို ဒေသပေါက်ဈေးနှင့် ဝယ်ယူသိုလှောင်၍ ကြိတ်ခွဲခြင်းကြောင့် သမဝါယမ အသင်းသား တောင်သူ များ၏ စပါးရောင်းလိုအားကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း၊ အရည်အသွေး ပြည့်မီသော ဆန်များကို သက်သာသော ဈေးနှုန်းဖြင့် စားသုံးသူ ပြည်သူများကို ရောင်းချပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်မှာ ကေန်မုချပင် ဖြစ်ပေတော့သည်။ ။



ဒေသခံတောင်သူများ၏စပါးများကို ဝယ်ယူနေစဉ်။

**❖ ပုလဲအမှတ်(၈)ဆန်စက် လည်ပတ်ခြင်းဖြင့် သမဝါယမအသင်းသား တောင်သူလယ်သမားများ၏ စပါးများကို ဒေသပေါက်ဈေးဖြင့် ဝယ်ယူသိုလှောင်၍ ကြိတ်ခွဲခြင်းကြောင့် သမဝါယမ အသင်းသား တောင်သူများ၏ စပါးရောင်းလိုအားကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း၊ အရည်အသွေး ပြည့်မီသောဆန်များကို သက်သာသောဈေးနှုန်းဖြင့် စားသုံးသူပြည်သူများကို ရောင်းချပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိ**

# ဂင်းနစ် ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်ပါ မြန်မာနိုင်ငံ၏ မြို့တော်

ယုဇနစံ

**မြန်မာစကားပုံတွင် "နှုတ်တစ်ရာစာတစ်လုံး" ဟု အဆိုရှိသည့်အတိုင်း စကားအခွန်းပေါင်းတစ်ရာ ပြောဆိုခြင်းထက် စာတစ်လုံးရေးမှတ်ခြင်းသည်သာ မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရှိခြင်းနှင့် ပိုမိုထိရောက် ခိုင်မာမှုရှိခြင်းတို့ကြောင့် ရှေးရာစုခေတ်များကတည်းကပင် မှတ်တမ်းမှတ်ရာများကို ကိုးကား၍ ရှေ့ဆက်ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာအဘိဓာန်တွင် "မှတ်တမ်း"၏ အဓိပ္ပာယ်ကို "အရှည်သဖြင့် သိမှတ်ဖွယ်ရာတို့ကို ရေးမှတ်ထားသောစာ"ဟု ဖွင့်ဆိုထားသည်။**



ယနေ့ကမ္ဘာသည် ကိုယ်ပိုင်အသိဉာဏ်ပညာဖြင့် ဦးဆောင်သောခေတ်ဖြစ်ရာ ၎င်းကိုမှီငြမ်းမှုပြု၍ ဖန်တီးဖော်ဆောင်နိုင်စေရန် မှတ်တမ်းမှတ်ရာများပါ ဖော်ပြချက်များ၏ ကဏ္ဍတစ်ခုစီတိုင်းသည် အရေးပါလာသည်ကို တွေ့ရသည်။ အထူးသဖြင့် ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်များမှ ထုတ်ပြန်သည့် မှတ်တမ်းမှတ်ရာများနှင့် အစီရင်ခံစာများကို အလေးထား ရှာဖွေဖတ်ရှုပြီး နိုင်ငံတော်၏မူဝါဒများချမှတ်ရာတွင် ကောက်နုတ်အသုံးချလာကြသည်အထိ တန်ဖိုးထားလာကြသည်။

မှတ်တမ်းဟုဆိုရာတွင် ကမ္ဘာတွင် ဖြစ်ပေါ်နေသည့် သက်ရှိသက်မဲ့တို့၏ ထူးခြားသော အကြောင်းအရာများ၊ ဖြစ်စဉ်များနှင့်ပတ်သက်သည့် စံချိန်များကို စုစည်းဖော်ပြထားသော ဂင်းနစ် မှတ်တမ်းသည် အကြောင်းအရင်း မှန်ကန်ခိုင်မာမှု အရှိဆုံးဖြစ်ကြောင်း တစ်ကမ္ဘာလုံးမှ ယုံကြည်လက်ခံလာသည်အထိ ကောင်းသတင်း ကျော်ကြားလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ခန့် ရှိပြီဖြစ်သည်။

**“မြန်မာနိုင်ငံ၏ မြို့တော်သစ်ဖြစ်သည့် နေပြည်တော်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း နိုင်ငံ၏ မြို့တော်သစ်အင်္ဂါရပ်များ တည်ဆောက်ပြီးစီးမှု ၅၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သဖြင့် ကမ္ဘာပေါ် ရှိ မြို့တော်များတည်ဆောက်မှုတွင် အမြန်ဆုံးတည်ဆောက်နိုင်သည့် မြို့တော်အဖြစ် စံချိန်တင် မှတ်တမ်းပြုခြင်းခံခဲ့ရ”**

## ဂင်းနစ် မှတ်တမ်းအစ

၁၉၅၁ ခုနှစ် နိုဝင်ဘာလတွင် Guniness Brewery ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ မစ္စတာ Hug Beaver သည် ၎င်း၏အဖော်များနှင့်အတူ အိုင်ယာလန်၌ တောပစ်ထွက်ကြရင်း golden plover (မြန်မာလူမျိုးတို့သိကြသည့် တလိုင်းကောင်းငှက်ဟုခေါ်သော နှုတ်သီးတိုငှက်) ငှက်တစ်ကောင်ကို ပစ်မိခဲ့ကြရာမှဆက်စပ်၍ ဥရောပတွင် အပြေးအမြန်ဆုံးငှက်သည် မည်သည့်ငှက်ဖြစ်ကြောင်း စကားရည်လု၍ အဖြေရှာခဲ့ကြရာ မည်သည့်စာအုပ်တွင်မှ ၎င်းတို့လိုချင်သောအဖြေကို ရှာမတွေ့ခဲ့ကြပေ။ ထို့ကြောင့် Hug Beaver သည် အလားတူ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လူသားတို့ကို အကျိုးပြုနိုင်ရန်အလို့ငှာ မှတ်တမ်းတစ်ခုအဖြစ် ထားရှိသင့်သည့်အပြင် အများပြည်သူများ ဖတ်ရှုနိုင်ရေး စာအုပ်အဖြစ်ထုတ်ဝေသင့်ကြောင်း စတင်စိတ်ကူးဖြစ်ပေါ်သည်။

၎င်း၏ စိတ်ကူးအား အကောင်အထည်ဖော်နိုင်ရန်အတွက် လန်ဒန်အခြေစိုက် အေဂျင်စီတည်ထောင်သူလည်းဖြစ်၊ ကြော်ငြာတာဝန်ခံလည်းဖြစ်သော ၎င်းနှင့်ညီအစ်ကိုတော်စပ်သူ အမြွှာညီအစ်ကို Norrirs နှင့် Ross McWhirter တို့နှင့်တိုင်ပင်ပြီး ၎င်း၏ကုမ္ပဏီအမည်ဖြစ်သော Guniness Brewery အား အစွဲပြု၍ ဂင်းနစ် မှတ်တမ်းစာအုပ်(Guniness Record Book)ကို ၁၉၅၅ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဂရိတ်ဗြိတိန်၌ ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သည်။

အဆိုပါစာအုပ်သည် စာဖတ်သူများအကြား တစ်ဟုန်ထိုး လူကြိုက်များခဲ့ပြီး ရောင်းအားအကောင်းဆုံးစာအုပ်အဖြစ် ရပ်တည်ခဲ့သည်။ပထမဦးဆုံးအကြိမ် စာအုပ်ထုတ်ဝေပြီး လပိုင်းအကြာ ၁၉၅၆ ခုနှစ်တွင် အမေရိကန်နိုင်ငံသားတစ်ဦးက အကြောင်းအရာအချို့ကို ဂင်းနစ် မှတ်တမ်းစာအုပ်တွင် ထပ်မံဖြည့်စွက်ပေးခဲ့သည်။ ထိုသို့ထုတ်ဝေပြီး အခြားသောနိုင်ငံများမှလည်း ထပ်မံဖြည့်စွက်မှုများ ပြုလုပ်ခဲ့ကြသည်။ Ross McWhirter ကိုယ်တိုင်လည်း ဂင်းနစ် မှတ်တမ်းစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများ၏ အဖြေရရှိရန် တစ်ကမ္ဘာလုံးအနှံ့ ခြေဆန့်ပြီး သုတေသနများပြုလုပ်ခြင်း၊ အထောက်အထားမှတ်တမ်းများစုဆောင်းခြင်းတို့ကို ၁၉၇၅ခုနှစ် Irish republic Army စစ်ပွဲဖြစ်ပွားသည့်အချိန်မှ ကွယ်လွန်သွားသည်အထိ စိတ်ဝင်တစား ဆောင်ရွက်သွားသည်။

၎င်းကွယ်လွန်သွားချိန်တွင် စာအုပ်စတင်ထုတ်ဝေစဉ်ကပင် ပါဝင်ဆောင်ရွက်ခဲ့သော ၎င်းနှင့် ညီအစ်ကိုတော်စပ်သူ Norrirs က ၁၉၈၆ ခုနှစ်အထိ ဆက်လက်တာဝန်ယူထုတ်ဝေခဲ့သည်။ ဂင်းနစ် မှတ်တမ်းစာအုပ် စတင်ထုတ်ဝေပြီး နောက်နှစ် ၁၉၅၆ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ စာအုပ်ဆိုင်များ၌ မိတ်ဆက်ရောင်းချခဲ့ရာ စာဖတ်သူများလက်ထဲသို့ အုပ်ရေ ၇၀၀၀၀ ရောက်ရှိခဲ့သည်။ ဂင်းနစ် မှတ်တမ်းစာအုပ်ကို နှစ်စဉ်ထုတ်ဝေလျက်ရှိရာ နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ဘာသာစကား ၃၇ မျိုးဖြင့် ရောင်းချနေသည်။ ယနေ့အထိ အုပ်ရေ သန်းပေါင်း ၁၀၀ ကျော် ရောင်းချခဲ့ရသည်အထိ ဂင်းနစ်မှတ်တမ်းစာအုပ်သည် စာဖတ်သူများအကြား ရေပန်းစားမှုမြင့်မားနေသည့် မှတ်တမ်းစာအုပ်အဖြစ် ရပ်တည်လျက်ရှိသည်။



## ဂင်းနစ် မှတ်တမ်းပါ နိုင်ငံ့မြို့တော်

မြို့တော်ဟူသော ဝေါဟာရသည် လက်တင်ဘာသာစကားမှ ဆင်းသက်လာပြီး "အခေါင်အထွတ်"ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် အများနှင့်မတူ ထူးခြားကောင်းမွန်သည့် သဘာဝတရားက ဖန်တီးပေးထားသော မြေပြင်အနေအထားများ၊ အခြားသောမြို့များနှင့် လွယ်ကူစွာ ချိတ်ဆက်နိုင်သော အလယ်ဗဟိုကျရာ ဆုံမှတ်များ၊ အားကိုးအားထားပြုရသည့် ကုန်းလမ်းရေလမ်းတို့၏ နီးရာနေရာများ၊ ကူးသန်းရောင်းဝယ်ရေး စည်ကားရာအရပ်များတွင် နိုင်ငံအုပ်ချုပ်သူများ ရုံးစိုက်လေ့ရှိကြပြီး အဆိုပါနေရာများတွင် နိုင်ငံ့မြို့တော်များ တည်ထောင်ကြသည်။ ထို့ပြင် နိုင်ငံ့မြို့တော်၏ တည်နေရာသည် လုံခြုံမှုရှိရန်သာမက တိုင်းပြည်အင်အားစုစည်းရာတွင် လွယ်ကူသည့်နေရာဖြစ်ရန် ဟူသောအချက်ကိုလည်း ထည့်သွင်းစဉ်းစားလေ့ရှိသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ် ၁၈၈၆ ခုနှစ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစိုးရအုပ်ချုပ်သည့် ၂၀၀၀ ပြည့်နှစ် ကာလလွန်အထိ ရေကြောင်းသွားလာမှုအားထားရာ ပင်လယ်ထွက်ပေါက်နှင့်နီးသော နိုင်ငံ့တောင်ဘက်ပိုင်းရှိ ရန်ကုန်မြို့ကို မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။ ထိုသို့သတ်မှတ်ခဲ့ရာမှ ပဲခူးရိုးမနှင့် ရှမ်းရိုးမအကြား ရန်ကုန်မြို့မှ ကီလိုမီတာ ၃၀၀ နှင့် မန္တလေးမြို့မှ ၂၄၈ ကီလိုမီတာအကွာ နိုင်ငံအလယ်ပိုင်းတွင် မြန်မာနိုင်ငံ၏ မြို့တော်သစ် နေပြည်တော်ကို တည်ဆောက်၍ ၂၀၀၅ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သည်။

မြို့တော်သစ် တည်ဆောက်ခြင်းတွင် နိုင်ငံသားများပေးဆပ်ကြသည့် အရင်းအနှီးများ အရှိန်အဟုန်ကောင်းခဲ့သဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၁၀ ပြည့်နှစ်အတွက် ကမ္ဘာ့ထူးခြားမှတ်တမ်းများဖော်ပြသော ဂင်းနစ်စာအုပ်တွင် မြန်မာနိုင်ငံ၏ မြို့တော်သစ်ဖြစ်သည့် နေပြည်တော်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း နိုင်ငံ၏ မြို့တော်သစ်အင်္ဂါရပ်များ တည်ဆောက်ပြီးစီးမှု ၅၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သဖြင့် ကမ္ဘာပေါ်ရှိ မြို့တော်များတည်ဆောက်မှုတွင် အမြန်ဆုံးတည်ဆောက်နိုင်သည့် မြို့တော်အဖြစ် စံချိန်တင် မှတ်တမ်းပြုခြင်းခံခဲ့ရသည်။ ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ထုတ်ဝေခဲ့သော ဂင်းနစ်မှတ်တမ်း စာအုပ်များတွင် မည်သည့်နိုင်ငံရှိ မြို့တော်ကမှ နေပြည်တော်ရရှိခဲ့သော စံချိန်ကို ချိုး၍ စံချိန်အသစ်တင်နိုင်ကြောင်း ထပ်မံမှတ်တမ်းတင် ဖော်ပြထားခြင်း မရှိပါ။

ထို့ကြောင့် အများပြည်သူများအား အသိပေး သတင်းစကားပါးနိုင်သည့် နည်းလမ်းများကို ဟန်ချက်ညီစွာ ချိတ်ဆက်အသုံးပြု၍ ၂၀၁၀ ပြည့်နှစ် ဂင်းနစ် မှတ်တမ်းစာအုပ်တွင် အသိအမှတ်ပြု မှတ်တမ်းတင်ဖော်ပြထားသည့် နေပြည်တော်၏ ဂုဏ်ဒြပ်အား ဖော်ထုတ်မြှင့်တင်ပေးနိုင်ကြမည်ဆိုပါက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးသောဒေသဖြစ်ရန် အခြေခံလိုအပ်ချက် ငါးချက်ဖြစ်သည့် ဆွဲဆောင်မှုရှိသော သဘာဝအလှအပများနှင့် ထူးခြားသမိုင်းဖြစ်စဉ်များရှိခြင်း(Attraction)၊ ခရီးသွားများ တည်းခိုနိုင်ရန်နေရာများ စီစဉ်ခြင်း(Accommodation)၊ လည်ပတ်လိုသည့် နေရာအားလုံးသို့ သွားလာနိုင်ရန် ဆောင်ရွက်ခြင်း (Accessibility)၊ ခရီးသွားလုပ်ငန်းများအဆင်ပြေစေရန် အထောက်အကူပြုပစ္စည်းများရှိခြင်း(Amenities)၊ လိုအပ်သောကူညီစောင့်ရှောက်မှုများစီမံခြင်း (Administration) တို့ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်း အေဂျင်စီများက ဆောင်ရွက်ပေးနိုင်သောကြောင့် နေပြည်တော်အခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

ထို့ပြင် နိုင်ငံတော်က မျှော်မှန်းဆောင်ရွက်နေသော မြန်မာနိုင်ငံ၏စံပြမြို့တော် ဖြစ်စေရေးအတွက် Green City၊ Clean City နှင့် Smart City အင်္ဂါရပ်များနှင့်အညီ မြို့ပြစီမံကိန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ ထိုနည်းတူစွာ ကမ္ဘာပေါ်ရှိ သက်တမ်းအနုဆုံး နိုင်ငံ့မြို့တော် ၁၀ မြို့တွင် တစ်မြို့အပါအဝင်ဖြစ်သော နေပြည်တော်သည် အခြားနိုင်ငံများရှိ မြို့တော်များအကြား ယခုထက်ပို၍ လှပတင့်တယ်လာနိုင်မည် ဖြစ်ပါသည်။

ကိုးကား
https://en.wikipedia.org/wiki/Guinness_World_Records
https://www.history.com/this-day-in-history/the-guinness-book-of-records-debuts
https://www.burmalibrary.org/sites/burmalibrary.org/files/obl/mal_26.9.21.pdf
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇေယျာမျိုးအောင်၏ ၅-၁၁-၂၀၂၁ရက်နေ့ ဆွေးနွေးပို့ချချက်
www.nptdc.gov.com

# (၃၅) ကြိမ်မြောက် ဓမ္မာစရိယ ပါဠိပထမပြန်နိကာယ်မဟာဘွဲ့နှင်းသဘင် မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပ၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် (၃၅) ကြိမ်မြောက် ဓမ္မာစရိယ ပါဠိပထမပြန်နိကာယ် မဟာဘွဲ့နှင်းသဘင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် မဟာအတုလ ဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ပြုလုပ်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ အကို့ရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဗန်းမော် ဆရာတော်ကြီးထံမှ သံမွေဒနီယ သာရဏီယ ဩဝါဒကထာ နာယူကြည်ညိုကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြကြသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများမှ ဘွဲ့နှင်းနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မာစရိယ ပထမပြန်၊ နိကာယ်စာမေးပွဲ အောင် သံဃာများနှင့် သီလရှင်များအား အောင်လက်မှတ်နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ချမ်းအေးသာစံမြို့နယ် ဝါးတန်းကျောင်း မိုးကောင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီလာစာရာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗန်းမော်ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။



ယနေ့ပြုလုပ်သော (၃၅) ကြိမ်မြောက် ဓမ္မာစရိယ ပါဠိပထမပြန်နိကာယ် မဟာဘွဲ့နှင်းသဘင် မင်္ဂလာအခမ်းအနားတွင် ဓမ္မာစရိယ စာမေးပွဲအထူးအောင်သံဃာတော် သုံးပါး၊ သီလရှင် တစ်ပါး၊ ပါဠိပထမပြန်စာမေးပွဲ အထူးအောင် သံဃာတော် ၁၂ ပါး၊ သီလရှင် လေးပါး၊ ဓမ္မာစရိယ ပါဠိဂုဏ်ထူးအောင် သံဃာ တစ်ပါး၊ ဓမ္မာစရိယ မြန်မာဂုဏ်ထူးအောင် သံဃာ လေးပါး၊ သီလရှင် တစ်ပါး၊ နိကာယ်စာမေးပွဲ မဟာဝိဒူတန်း အောင်သံဃာ ခြောက်ပါး၊ နိကာယ်စာမေးပွဲအထူးအောင် သံဃာ ၁၂ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်း သံဃာ၃၈ ပါးနှင့် သီလရှင် ရှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ စကားလှ ပရိယတ္တိစာသင်တိုက်နှင့် ရွှေဘိုမြို့နယ်ရှိ အောင်မြေပရိယတ္တိစာသင်တိုက်တို့သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိမဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ စပယ်ရုံကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်ရှိ နောင်ခမ်းအောင်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကိုဗစ်-၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်နှင့် ရုံးဝန်ထမ်းများ၊ တိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မိုးဦးတို့က ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်ထားရှိသည့် ကိုဗစ်စင်တာသို့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ အင်အားဖြည့်အစားအစာများနှင့် ရေသန့်များ ထောက်ပံ့လှူဒါန်းခဲ့ရာ အဆိုပါ ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသူဇာနှင့် တာဝန်ရှိသူများမှ လက်ခံရယူခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)



**သတင်းစဉ်**



## တာချီလိတ်မြို့၌ ပရဟိတဘုန်းတော်ကြီးကျောင်းသို့ ဆန်အိတ်များ လှူဒါန်း

**တာချီလိတ် ဖေဖော်ဝါရီ ၁၈** ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ နောင်ခမ်းအောင်ဆုပန် ပရဟိတဘုန်းတော်ကြီးကျောင်းသို့ ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက ဆန် ၁၃ အိတ် သွားရောက်လှူဒါန်းကြောင်း သိရသည်။

နောင်ခမ်းအောင်ဆုပန် ပရဟိတဘုန်းတော်ကြီးကျောင်းသည် ပရိယတ္တိစာသင်တိုက်ဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို အလယ်တန်းထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကာ ကိုရင်နှင့် သံဃာတော် အပါး ၁၄၀ သီတင်းသုံးနေထိုင်လျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

# ပိုလီယိုရောဂါနှင့် ကိုဗစ် – ၁၉ တိုက်ဖျက်ရေးအတွက် ဘီလ်ဂိတ် ပါကစ္စတန်သို့သွားရောက်

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၈**

ဘီလ်နှင့် မီလင်ဒါဂိတ် ဖောင်ဒေးရှင်း ပူးတွဲတည်ထောင်သူ ဘီလ်ဂိတ်သည် ဖေဖော်ဝါရီ ၁၇ ရက်က ပါကစ္စတန်သို့ သွားရောက်ခဲ့ပြီး ပါကစ္စတန်ခေါင်းဆောင်ပိုင်းများနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းနှင့် ဘီလ်ဂိတ်တို့တွေ့ဆုံစဉ်အတွင်း ပါကစ္စတန်နိုင်ငံတွင် ပိုလီယို ကင်းစင်ရေးအတွက် ဘီလ်ဂိတ်ဖောင်ဒေးရှင်း၏ ထောက်ပံ့ပေးမှုများကို အသိအမှတ်ပြုကြောင်း ဝန်ကြီးချုပ်ရုံးခန်းက သတင်းထုတ်ပြန်သည်။ ပိုလီယိုရောဂါကင်းစင်ရေးအတွက် အစိုးရကဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဘီလ်ဂိတ်ကလည်း ဝန်ကြီးချုပ်၏ဖိတ်ခေါ်မှုကို ကျေးဇူးတင်ကြောင်း၊ ပိုလီယိုကင်းစင်ရေးအတွက် ပါကစ္စတန်ခေါင်းဆောင်ပိုင်း၏ ကြိုးပမ်းအားထုတ်မှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏လုပ်ကိုင်မှုများကိုကျေးဇူးတင်ကြောင်း ကြေညာချက်တွင်ပါဝင်သည်။ ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်သည့် အမျိုးသားကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးစင်တာ၏ ကိုဗစ် –၁၉ တိုက်ဖျက်ရေးဆွေးနွေးပွဲကို ဘီလ်ဂိတ်နှင့် ၎င်း၏ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ဘီလ်ဂိတ်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်း။

# မာလီနိုင်ငံမှ ပြင်သစ်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းသွားမည်ဟု ပြင်သစ်ကြေညာ

**ပါရီ ဖေဖော်ဝါရီ ၁၈**

အနောက် အာဖရိကနိုင်ငံဖြစ်သည့် မာလီနိုင်ငံမှ ပြင်သစ်တပ်ဖွဲ့ဝင်များကို ဥရောပ မဟာမိတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပြန်လည် ရုပ်သိမ်းသွားတော့မည်ဟု ပြင်သစ်နိုင်ငံက ပြောသည်။

မာလီနိုင်ငံသည် အာဖရိကရှိ အစ္စလာမ်မစ် အစွန်းရောက်စစ်သွေးကြွများကို အဓိက တိုက်ခိုက်နေသည့် နေရာလည်းဖြစ်သည်။ ပြင်သစ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်သတင်းကို ဖေဖော်ဝါရီ ၁၇ ရက်က ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ကြေညာခဲ့သည်။



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

မာလီနိုင်ငံသည် ပြင်သစ်နိုင်ငံ၏ အုပ်ချုပ်မှုအောက်တွင် ကျရောက်ဖူးသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ အစ္စလာမ်မစ် အစွန်းရောက်များက တိုင်းပြည်အတွင်း နေရာတော်တော်များများကို လွှမ်းမိုးလာနိုင်ပြီးနောက် ၂၀၁၃ ခုနှစ်မှစတင်ကာ ပြင်သစ်နိုင်ငံ၏ စစ်ရေးအရ ကြားဝင်စွက်ဖက်မှု စတင်ခဲ့သည်။ မာလီတွင် အခြေစိုက်ထားသည့် ပြင်သစ်တပ်ဖွဲ့များသည် တိုင်းပြည်အတွင်းရှိ အစွန်းရောက်များကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည်။

အလားတူ မာလီနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘာကီနာဖာဆိုနှင့် နိုင်ဂျာနိုင်ငံတို့မှ အစွန်းရောက်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ပြင်သစ်နိုင်ငံသည်ခြောက်လခန့်ကာလအတွင်း ၎င်းတို့၏တပ်ဖွဲ့ဝင်ပေါင်း ၂၄၀၀ ကို မာလီမှ ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ပြီး အချို့တစ်ဝက်ကို နိုင်ဂျာနိုင်ငံသို့ရွှေ့ပြောင်းကာ အစွန်းရောက်များကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဟုသိရသည်။

မာလီနိုင်ငံတွင် နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများ ရှိနေပြီး ဥရောပတပ်များ ဆုတ်ခွာသွားပြီးသည့်နောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများ ရှိလာမည်ကို စိုးရိမ်နေကြရသည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် နှစ်ပေါင်း ၆၀ အတွင်း ငါးမန်းတိုက်ခိုက်မှုကြောင့် ပထမဆုံး လူသေဆုံးမှုဖြစ်ပေါ်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၈**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် နှစ်ပေါင်း ၆၀ အတွင်း ငါးမန်းတိုက်ခိုက်မှုကြောင့် ပထမဆုံးအကြိမ်အဖြစ် လူသေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် အနီးအနားရှိ ကမ်းခြေများအားလုံးကို ပိတ်ထားရသည်။ ငါးမန်းအကိုက်ခံရ၍ သေဆုံးသွားသူ၏ အလောင်းကို Little Bay ကမ်းခြေတွင် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် တွေ့ရှိခဲ့သည်ဟု ဒေသခံရဲများက ပြောသည်။

သေဆုံးသွားသူမှာ အသက် ၃၅နှစ် အရွယ်ဖြစ်ပြီး အလောင်းတွေ့ရှိရာနေရာမှ လေးမီတာနှင့် ငါးမီတာအကွာတွင် ငါးမန်းတစ်ကောင်ကိုတွေ့ရှိခဲ့သည်ဟု အသက်ကယ်သမားများက ပြောကြားကြောင်း ဩစတြေးလျ ပြည်သူ့အသံလွှင့်ဌာန (အေဘီစီ) က ပြောသည်။

အော်သံကြီးကိုကြားလိုက်ရကြောင်း၊ ထို့နောက် ပြန်လှည့်လာခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။ ငမန်းကို ရှာဖွေရန်အတွက် ဒရုန်းများလွှတ်တင်ထားကြောင်းလည်း ရဲများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# လာမည့်သီတင်းပတ်အတွင်း တူရကီတွင် ကိုဗစ် - ၁၉ ကူးစက်မှုများ လျော့ကျသွားမည်ဟု မျှော်လင့်ထား

**အင်ကာရာ ဖေဖော်ဝါရီ ၁၈**

တူရကီနိုင်ငံတွင် လာမည့်သီတင်းပတ် နှစ်ပတ်အတွင်း ကိုဗစ် –၁၉ ကူးစက်မှုများ သိသိသာသာ လျော့ကျသွားမည်ဟု မျှော်လင့်ထားကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က သိရသည်။

ပြီးခဲ့သည့်သီတင်းပတ် အစပိုင်းမှစတင်၍ ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်မှုများမှာ စတင်လျော့ကျလာခဲ့သည်။ အစ္စတန်ဘူလ်မြို့တွင် အိုမီခရွန်မျိုးကွဲကြောင့် ကိုဗစ် – ၁၉ ကူးစက်မှုများ များပြားလာရသည်ဟု တူရကီကျန်းမာရေးဝန်ကြီး ဖာဟင်တန်ကိုကာက ပြောသည်။

သို့သော်လည်း ပြီးခဲ့သည့် ၁၀ ရက်တာအတွင်း မြို့တော်အတွင်း နေ့စဉ်ကူးစက်မှုမှာ ၆၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ တူရကီနိုင်ငံရှိ အခြားသော မြို့များတွင်လည်း အလားတူပင် ကူးစက်မှုများ လျော့ကျလာသည်ဟု ၎င်းကဆက်ပြောသည်။ ဆေးရုံတက်ကာ ကုသရမှုနှုန်းမှာလည်း ပြီးခဲ့သည့် သီတင်းပတ်အတွင်း ၂၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ဟု သိရသည်။ **ဆင်ဟွာ**

# စပိန်နိုင်ငံတွင် ၁၄ ရက်အတွင်း ကိုဗစ် - ၁၉ ကူးစက်မှု ၁၀၀၀ အောက် ကျဆင်းလာ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၈**

စပိန်နိုင်ငံတွင် ၁၄ ရက်တာကာလအတွင်း ကိုဗစ် – ၁၉ ကူးစက်မှုမှာ လူဦးရေ ၁၀၀၀၀၀ တွင် ၁၀၀၀ အောက် ကျဆင်းလာပြီး ယင်းဖြစ်ရပ်မှာ ၂၀၂၂ ခုနှစ်အတွင်း ပထမဆုံး အကြိမ်ဖြစ်ကြောင်း တရားဝင်အချက်အလက်များက ဖော်ပြထားသည်။

ယင်းကဲ့သို့ကူးစက်မှုအရေအတွက် လျော့ကျလာမှုကြောင့် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ဦးရေမှာလည်း လျော့ကျလာကြောင်း သိရသည်။ စပိန်နိုင်ငံရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ကုသမှုခံယူနေရသည့် ကိုဗစ် – ၁၉ လူနာဦးရေမှာ ၁၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နောက်ထပ် ကူးစက်ခံရသူ ၄၂၁၃ ဦး တွေ့ရှိရပြီး ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ကူးစက်ခံရသူစုစုပေါင်းမှာ ၁၀၇၇၈၆၀၇ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# တောင်ကိုရီးယားတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀၀ ကျော်ဖြင့် ပထမဆုံး စံချိန်တင်

**ဆိုးလ် ဖေဖော်ဝါရီ ၁၈**

အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်မားနေစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် နေ့စဉ် ကိုဗစ်–၁၉ ကူစက်ဖြစ်ပွားမှုစံချိန်တင် မြင့်တက်ခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၁၈ ရက်က ပြောကြားလိုက်သည်။

ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ဖေဖော်ဝါရီ ၁၈ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်သူ ၁၀၉၈၃၁ ဦးအထိ ရှိခဲ့ကြောင်းနှင့် နိုင်ငံ၏စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၇၅၈၀၆ ဦးအထိ ရှိလာခဲ့ကြောင်း ပြောကြားလိုက်သည်။

နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့က မှတ်တမ်းတင်ဖော်ပြခဲ့သော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၉၃၁၃၅ ဦးထက် မြင့်တက်ခဲ့သည်။ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ပထမဆုံး ၁၀၀၀၀၀ ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

အသစ်ထပ်မံဖြစ်ပွားသော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများတွင် ပြည်ပကူးစက်ဖြစ်ပွားသူ ၁၁၆ ဦး ထပ်မံပါဝင်လာမှုနှင့်အတူ စုစုပေါင်း ပြည်ပကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၇၈၆၄ ဦး ရှိလာခဲ့သည်။

ဆင်ဟွာ

# ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရန် လုပ်သင့်လုပ်ထိုက်သည်များ တိတိကျကျ လုပ်ဆောင်သွားရမည်

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းသည် နှစ်ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာမှ ယခုအခါ ရောဂါကူးစက်သူများ ပြန်လည် တွေ့ရှိလာရပါကြောင်း၊ စစ်တွေမြို့အပါအဝင် အခြားသောမြို့နယ်များတွင်လည်း ရောဂါကူးစက်မှုများရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ရောဂါကူးစက်ခံရသူများကိုလည်း သက်ဆိုင်ရာဆေးရုံများနှင့် ကုသရေးစင်တာများတွင် ကုသပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းတိုးလာသည်နှင့်အမျှ ပေါ့ပေါ့ဆဆနေထိုင်၍ မရနိုင်ကြောင်း၊ ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် လုပ်သင့်လုပ်ထိုက်သည်များကို တိတိကျကျ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ကိုဗစ်ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခဲ့မှုများ၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



# ရောဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရောဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အစည်းအဝေးကို ယနေ့တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကြသည်။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာစီတစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနထံ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ပင်းတယ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျောက်စုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှု၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့တို့၏ ကူညီပံ့ပိုးမှု၊ ကျောက်စု၊ ကိုးလုံးကျေးရွာမိဘပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောက်လုပ်ခဲ့သော ပေ ၉၀၊ ပေ ၃၀ အာစီတစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ရှမ်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့၏ စီမံကိန်းဒါရိုက်တာက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စေတနာအဖွဲ့နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီမှ ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။ ဆက်လက်ပြီး ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်ကာ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ လူထုဖွံ့ဖြိုးရေးကော်မတီထံသို့ ရန်ပုံငွေများ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၃၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၉၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၃၀ ၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၉၇၁၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၅၂၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၁၇၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ စိစစ်ခွင့်ပြုထားသည့် အရည်အသွေးအာနိသင် အာမခံချက်ရှိသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး Molnupiravir ကို စနစ်တကျ အသုံးပြုခြင်းဆိုင်ရာ သိကောင်းစရာများ

*ဒေါက်တာ သန်းနိုင်စိုး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)*

## ကိုဗစ်-၁၉ ရောဂါ ကုသရေးခရီးလမ်းနှင့် နောက်ဆုံးပေါ် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများ

ကိုရိုနာဗိုင်းရပ်စ်ပိုးသစ် (Novel Coronavirus) ဖြစ်သည့် SARS-CoV-2 (ကိုဗစ်-၁၉ ဗိုင်းရပ်စ်) ပေါ်ထွက်လာချိန်မှစတင်၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့သည်မှာ ၁၈-၂-၂၀၂၂ ရက်နေ့ ကိန်းဂဏန်းများအရ ကမ္ဘာတစ်ဝန်း ရောဂါဖြစ်ပွားသူ သန်း ၄၂၀ ကျော်ရှိ၍ ရောဂါကြောင့် သေဆုံးသူ ၅ ဒသမ ၈ သန်းခန့်ရှိပြီဖြစ်သည်။ မိမိတို့နိုင်ငံတွင်လည်း ၁၈-၂-၂၀၂၂ ရက်နေ့ ညပိုင်းထုတ်ပြန်ချက်များအရ ရောဂါဖြစ်ပွားသူ ငါးသိန်းငါးသောင်းကျော်ရှိ၍ ရောဂါကြောင့်သေဆုံးသူ ၁၉၃၂၂ ဦး ရှိပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလ ကြာမြင့်လာသည်နှင့်အတူ ဆေးပညာရှင်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ သိပ္ပံပညာရှင်များ အနေဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများ၊ ရောဂါကာကွယ်ဆေးများ၊ ရောဂါထိန်းချုပ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေး စသဖြင့် နယ်ပယ်ပေါင်းစုံတွင် သုတေသနများ ဆောင်ရွက်ခဲ့ခြင်းနှင့်အတူ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ကာကွယ်ထိန်းချုပ်ကုသနိုင်မည့် ဆေးဝါးနှင့် ဆေးပစ္စည်းများစွာ ပေါ်ထွက်လာခဲ့ပြီဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများစွာ ပေါ်ပေါက်ခဲ့ရာ၌ မိမိတို့နိုင်ငံတွင် လူသိများသည့် ဆေးဝါးများမှာ အမေရိကန်နိုင်ငံအခြေစိုက် Gilead Sciences ကုမ္ပဏီမှ စတင်ထုတ်လုပ်သည့် Remdesivir (ရမ်ဒက်ဆီဗာ)၊ ဂျပန်နိုင်ငံအခြေစိုက် Toyama Chemical မှစတင်ထုတ်လုပ်သည့် Favipiravir (ဖာဗီပီရာဗာ)၊ အမေရိကန်နိုင်ငံအခြေစိုက် Pfizer Inc. မှ စတင်ထုတ်လုပ်သည့် Paxlovid (ပက်ခ်လိုဗစ်) နှင့် ယခုတင်ပြမည့် အမေရိကန်နိုင်ငံ အခြေစိုက် Merck & Co.မှ စတင်ထုတ်လုပ်သည့် Molnupiravir (မော်လ်နူပီရာဗာ)တို့ ဖြစ်ကြပါသည်။

## Molnupiravir (မော်လ်နူပီရာဗာ) ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးပေါ်ပေါက်လာပုံ

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး Molnupiravir (မော်လ်နူပီရာဗာ)သည် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အက်တလန်တာမြို့ရှိအမ်မိုရီ(Emory) တက္ကသိုလ်၏ဆေးဝါးဆန်းသစ်တီထွင်မှုကုမ္ပဏီ Drug Innovation Ventures at Emory (DRIVE)အနေဖြင့် တုပ်ကွေးရောဂါကုသရန် မူလကတီထွင်ခဲ့သော်လည်း မျိုးဗီဇပြောင်းလဲစေခြင်း ဂုဏ်သတ္တိ (Mutagenicity) များကြောင့် သုတေသနဆက်လက်လုပ်ဆောင်မှုများကို ရပ်ဆိုင်းထားခဲ့ပါသည်။ အဆိုပါဆေးဝါးနည်းပညာကို မီယာမီအခြေစိုက်ကုမ္ပဏီဖြစ်သည့် Ridgeback Biotherapeutics ကရရှိခဲ့ပြီး နောက်ပိုင်းတွင် ဆေးကုမ္ပဏီကြီးဖြစ်သည့် Merck & Co. နှင့် ပူးပေါင်း၍ ဆေးဝါးထုတ်လုပ်နိုင်ရေးသုတေသနများဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## Molnupiravir (မော်လ်နူပီရာဗာ) ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးအလုပ်လုပ်ပုံ

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးအနေဖြင့် လူ့ခန္ဓာကိုယ်ဆဲလ်အတွင်းဝင်ရောက်၍ ဗိုင်းရပ်စ်ပုံတူများစွာပွားများရာတွင် ဗိုင်းရပ်စ်၏ မျိုးဗီဇ (RNA)များကို အရေအတွက်မြောက်မြားစွာ ပုံတူပွားရပါသည်။ ထိုသို့ ဗိုင်းရပ်စ်၏ မျိုးဗီဇပုံတူပွားများခြင်းဖြစ်စဉ်တွင် Molnupiravir ဆေးကြောင့် ဗိုင်းရပ်စ်၏မျိုးဗီဇအတွဲများတွင် ကျယ်ပြန့်သော မျိုးဗီဇပြောင်းလဲမှုများဖြစ်စေရန် အားပေးခြင်းအားဖြင့် ဗိုင်းရပ်စ်မျိုးပွားခြင်းကို Molnupiravir က ဟန့်တားပျက်စီးစေပါသည်။ သို့ဖြစ်ပါ၍ ဗိုင်းရပ်စ်အရေအတွက်ကို လျော့ကျစေရာမှ ရောဂါပြင်းထန်စွာဖြစ်ပွားခြင်းကို လျော့ကျစေခြင်းဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ Molnupiravir သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရောဂါပြင်းထန်စွာဖြစ်ပွား၍ ဆေးရုံတက်ရောက်ရခြင်းနှင့် ရောဂါကြောင့် သေဆုံးရခြင်းကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဟု တွေ့ရှိထားပါသည်။



Merck & Co.မှ ထုတ်လုပ်သည့် Molnupiravir (မော်လ်နူပီရာဗာ) ကိုဗစ်-၁၉ ဗိုင်းရပ်စ် ဆန့်ကျင်ဆေးဝါး။

Molnupiravir ဆေးဝါးနှင့် ပတ်သက်၍ သတိပြုရန်အချက်မှာ မျိုးဗီဇပြောင်းလဲစေခြင်း ဂုဏ်သတ္တိရှိခြင်းဖြစ်၍ အထူးသဖြင့် ကိုယ်ဝန်ဆောင်များအနေဖြင့် လုံးဝအသုံးမပြုရန် လိုအပ်ပါသည်။

## အရေးပေါ်အသုံးပြုခွင့်(EMERGENCY USE AUTHORIZATION – EUA) ရရှိသည့် ဆေးဝါးအနေဖြင့်သာ ခွင့်ပြုချက်ပေးထားသည့် ဆေးဝါးဖြစ်သည်

Molnupiravir ဆေးဝါးသည် ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် အရေးပေါ်အသုံးပြုခွင့် (EMERGENCY USE AUTHORIZATION – EUA) ရရှိသည့် ဆေးဝါးအနေဖြင့်သာ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ခွင့်ပြုချက်ပေးထားသည့် ဆေးဝါးဖြစ်ပါသည်။

Molnupiravir ဆေးဝါးကို စနစ်တကျအသုံးပြုရာတွင် ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကုသရေးတွင် အသက် ၁၈ နှစ်နှင့်အထက် လူနာများအတွက် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများအသုံးပြုခြင်း လုပ်ငန်းလမ်းညွှန် (Algorithm for Anti-viral treatment of adult patient with Covid-19, Version 1) (16-2-2022) အရ လည်းကောင်း၊ အထူးကုဆရာဝန်များ၏ အနီးကပ်ကြီးကြပ်မှုအောက်တွင်ရှိသည့် ဆရာဝန်များ၏ ဆေးညွှန်းစာအရ လည်းကောင်း သုံးစွဲရမည့်ဆေးဖြစ်ပါသည်။

## ဆေးညွှန်းအရ Molnupiravir ဆေးဝါးအသုံးပြုနိုင်သည့် လူနာများ

ဆေးညွှန်းအရ Molnupiravir ဆေးဝါးအသုံးပြုနိုင်သည့် လူနာများမှာ –

(က) အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ခံတ်ခွဲအတည်ပြုလူနာများတွင် သာမန်နှင့် အတန်အသင့်ပြင်းထန်သည့် ရောဂါလက္ခဏာခံစားရသူများနှင့် ရောဂါလက္ခဏာ ပိုဆိုးလာနိုင်ရန် အခြေအနေရှိသည့် လူနာများ၊

(ခ) ကိုဗစ်-၁၉ ရောဂါကုသရန် ချမှတ်ထားသော အခြားကုထုံး/ဆေးဝါးများ မရရှိနိုင်ခြင်းနှင့် အခြားကုထုံး/ဆေးဝါးများဖြင့် ကုသရန်မသင့်လျော်သောလူနာများ (ဥပမာ – Favipiravir, Remdesivir တို့ဖြင့် ကုသရန်မသင့်တော်ခြင်း)

(ဂ) Molnupiravir ဆေးဝါးဖြင့် ကုသမှုခံယူရန်နှင့် ဆေးသောက်သုံးရန် သဘောတူသည့် လူနာများ။

## Molnupiravir ဆေးဝါးအသုံးမပြုသင့်သည့် အခြေအနေများ

Molnupiravir ဆေးဝါးအသုံးမပြုသင့်သည့် အခြေအနေများမှာ –

(က) Molnupiravir ဆေးဝါးသည် သန္ဓေသားအား အဆိပ်အတောက်ဖြစ်စေနိုင်သည့် အတွက် ကိုယ်ဝန်ဆောင်များတွင် အသုံးပြုရန်မသင့်ပါ၊

(ခ) အရိုးနှင့်အရိုးနုများ ပျက်စီးစေနိုင်သည့်အတွက် နို့တိုက်မိခင်များနှင့် အသက် ၁၈ နှစ်အောက် လူငယ်များတွင်လည်း အသုံးမပြုသင့်ပါ၊

(ဂ) Molnupiravir ဆေးဝါးသည် ကိုဗစ်-၁၉ ကြိုတင်ရောဂါကာကွယ်ဆေးမဟုတ်ပါ၊

(ဃ) ကိုဗစ်-၁၉ ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ပြီးနောက် ကြိုတင်ကာကွယ်သည့်အနေဖြင့် သောက်သုံးရမည့် ဆေးဝါးမဟုတ်ပါ၊

(င) ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရန် လိုအပ်သောလူနာများတွင် ကနဦးကုသခြင်းအနေဖြင့် မသုံးစွဲသင့်ပါ၊

(စ) ဆေးညွှန်းစာတွင် ပါဝင်သည့် သတ်မှတ်ပမာဏအတိုင်း သုံးစွဲရန်နှင့် ၅ ရက်ထက်ပို၍အသုံးမပြုရပါ၊

(ဆ) လူနာများအနေဖြင့် အထူးကုဆရာဝန်များ၏ အနီးကပ်ကြီးကြပ်မှုအောက်တွင်ရှိသည့် ဆရာဝန်များ၏ ဆေးညွှန်းစာမပါဘဲ မိမိသဘောဖြင့် ဝယ်ယူသောက်သုံးခြင်း လုံးဝမပြုသင့်ပါ။

## Molnupiravir ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးများ

Molnupiravir ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးများမှာ–

(က) ဝမ်းလျှောခြင်း၊ ခေါင်းမူးခြင်း၊ ပျို့အန်ခြင်းကို အများအားဖြင့် ခံစားရတတ်ပါသည်၊

(ခ) အရေးပေါ်ဆေးဝါးအနေဖြင့် အသုံးပြုရသည့်အတွက် ဖော်ပြထားသည့် ဆိုးကျိုးများအပြင် အခြားဘေးထွက်ဆိုးကျိုးများ၊ အခြားသုံးစွဲရန်မသင့်သည့် အခြေအနေများနှင့် အခြားဆေးဝါးများနှင့် ပေါင်းစပ်အသုံးပြုရာတွင် ရရှိနိုင်သည့် ဘေးထွက်ဆိုးကျိုးများစသည်တို့ကို မသိရှိရသေးသည့်အတွက် ဆေးညွှန်းဖြင့်သာ စနစ်တကျအသုံးပြုရန် လိုအပ်ခြင်းဖြစ်ပါသည်။

## ဆေးညွှန်းဖြင့် Molnupiravir ဆေးဝါးဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့်အချက်များ

ဆေးညွှန်းဖြင့် Molnupiravir ဆေးဝါးဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့်အချက်များမှာ –

(က) Molnupiravir ဆေးဝါးသည် ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရမည့် ဆေးဝါး(POM-Prescription Only Medicine) ဖြစ်၍ ပြည်သူ့ကျန်းမာရေး လိုအပ်ချက်အရ သော်လည်းကောင်း၊ အမျိုးသားဆေးဝါး ဥပဒေအမိန့်ကြော်ငြာစာအမှတ် (၇/၉၃) အရ သော်လည်းကောင်း ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ အများပြည်သူကိုရောင်းချခြင်း၊ ကြော်ငြာခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်၊

(ခ) Molnupiravir ဆေးဝါးကို ဝယ်ယူသည့် အခါတွင်လည်း အရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု အာမခံချက်မရှိသည့် Online တွင် ဈေးနှုန်းကြီးမြင့်စွာ ကြော်ငြာရောင်းချနေသော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခွင့်ပြုထားခြင်းမရှိသည့် Molnupiravir ဆေးဝါးများ ဝယ်ယူမသုံးစွဲသင့်ပါ၊

(ဂ) မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သုံးစွဲရန်ခွင့်ပြုချက်ရရှိပြီးသော Molnupiravir ဆေးဝါးများသာလျှင် အရည်အသွေးအာမခံချက် ရရှိနိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)အနေဖြင့် ပြည်သူ့ကျန်းမာရေးလိုအပ်ချက်အရ Molnupiravir ဆေးဝါးကို ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရမည့်ဆေးဝါး(POM-Prescription Only Medicine) အဖြစ် အရေးပေါ်အသုံးပြုခွင့် (EMERGENCY USE AUTHORIZATION – EUA) ပေးထားပြီးဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် FDA အသိအမှတ်ပြု ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရမည့် ဆေးဝါး(POM-Prescription Only Medicine)ရောင်းချနိုင်သည့် ဆေးဆိုင်များတွင် လွတ်လပ်စွာ ဆေးညွှန်းပြသဝယ်ယူ၍ ဆရာဝန်ညွှန်ကြားသည့် ဆေးညွှန်းအတိုင်း တိကျစွာလိုက်နာပြီး သောက်သုံးနိုင်ပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃,၀၅၈ ဦးတွေ့ရှိ

### ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၂၂ ဦးရှိ

(၁၈–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၂,၈၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၀၅၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၉.၃၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၃၉,၆၆၁)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၅၉,၃၁၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၀၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၁,၆၀၉) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၂၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၈–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၈၅) ခု | (၁၈၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၉) ခု | (၁၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၉) ခု | (၅၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၇) ခု | (၁၀၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၃၉) ခု | (၂၄၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၅၆၄) ခု | (၃၆၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၆,၆၆၉) ခု | (၂,၀၈၇) ဦး |
| စုစုပေါင်း | (၃၂,၈၇၂) ခု | (၃,၀၅၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များ တိုးချဲ့ဖွင့်လှစ်ခြင်း နှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၈ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၉၁၅၇၃၄ | ၅၁၀၁၉၃၁၅ | ၉၅၅၄၉၇ |
| ၂။ | အိန္ဒိယ | ၄၂၇၈၀၂၃၅ | ၄၁၉၇၇၂၃၈ | ၅၁၀၉၃၇ |
| ၃။ | ဘရာဇီး | ၂၇၉၄၁၄၇၆ | ၂၄၇၀၈၄၈၄ | ၆၄၁၉၉၇ |
| ၄။ | ပြင်သစ် | ၂၂၀၆၈၆၃၅ | ၁၈၆၇၂၄၈၃ | ၁၃၆၁၄၂ |
| ၅။ | ဗြိတိန် | ၁၈၄၉၉၀၅၈ | ၁၆၄၆၂၁၁၃ | ၁၆၀၂၂၁ |
| ၆။ | ရုရှား | ၁၅၀၂၀၅၇၃ | ၁၂၀၂၆၈၄၄ | ၃၄၃၉၅၇ |
| ၇။ | တူရကီ | ၁၃၂၆၆၂၆၅ | ၁၂၃၇၁၃၇၆ | ၉၁၆၄၆ |
| ၈။ | ဂျာမနီ | ၁၃၁၅၄၅၄၁ | ၉၄၈၄၄၀၀ | ၁၂၁၄၄၇ |
| ၉။ | အီတလီ | ၁၂၃၂၃၃၉၈ | ၁၀၇၃၂၉၀၈ | ၁၅၂၂၈၂ |
| ၁၀။ | စပိန် | ၁၀၇၇၈၆၀၇ | ၈၂၁၆၆၆၄ | ၉၇၇၁၀ |

## ၁၈-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၀၈၉၆၃၇ | ၄၄၄၇၂၁၀ | ၁၄၆၀၄၄ |
| ဖိလစ်ပိုင် | ၃၆၄၈၉၂၅ | ၃၅၂၇၇၂၀ | ၅၅၄၀၉ |
| မလေးရှား | ၃၁၃၈၂၁၅ | ၂၈၈၈၀၉၄ | ၃၂၂၃၉ |
| ဗီယက်နမ် | ၂၆၈၅၄၆၃ | ၂၂၆၁၁၈၀ | ၃၉၃၅၈ |
| ထိုင်း | ၂၆၇၄၄၇၇ | ၂၅၀၂၃၂၃ | ၂၂၅၆၈ |
| မြန်မာ | ၅၅၉၃၁၄ | ၅၂၁၆၀၉ | ၁၉၃၂၂ |
| စင်ကာပူ | ၅၃၃၄၂၅ | ၄၆၉၆၉၃ | ၉၃၀ |
| လာအို | ၁၄၀၆၀၄ | ၁၃၆၈၂၃ | ၆၀၅ |
| ကမ္ဘောဒီးယား | ၁၂၅၂၀၁ | ၁၁၉၈၈၀ | ၃၀၁၅ |
| ဘရူနိုင်း | ၂၇၅၉၉ | ၁၈၅၂၀ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ဗီယက်နမ်နိုင်ငံ၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး မကြာမီ ကျင်းပတော့မည်

ကိုဌေး (ကနောင်)

**အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games) သမိုင်းကြောင်း**

အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ အာရှအားကစားပြိုင်ပွဲများတွင် အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးဆိုသည့် ဦးတည်ရည်မှန်းချက်များဖြင့် ၁၉၅၉ ခုနှစ်မှစတင်၍ ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စတင်ကျင်းပခဲ့သည်။ ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် ပြိုင်ပွဲမှစတင်၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games) အဖြစ် အမည်ပြောင်းလဲကျင်းပခဲ့သည်မှာ မကြာမီ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အားကစားပြိုင်ပွဲသည်ပင်လျှင် (၃၁) ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။

ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)တွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ခြောက်နိုင်ငံဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထည့်သွင်းကျင်းပသည့် အားကစားနည်းများအနေဖြင့် လည်း (၁၂) နည်းခန့်ဖြင့်သာ စတင်ကျင်းပနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပြီး SEA Games ပြိုင်ပွဲကျင်းပသည့် တစ်ကြိမ်ထက်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများ တိုးတက်လာခဲ့သည့်အတွက် ယခုဆိုလျှင် ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံနှင့် နှစ်နှစ်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြိုင်ပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၉၅၉ ခုနှစ်မှစတင်၍ ကျင်းပသည့် ပြိုင်ပွဲတိုင်းတွင် မပျက်မကွက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အိမ်ရှင်အဖြစ် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲများနှင့် ၂၀၁၃ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် သုံးကြိမ်တိုင်တိုင် အောင်အောင်မြင်မြင် လက်ခံကျင်းပနိုင်ခဲ့ပါသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဒုတိယအကြိမ်နှင့် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် အဆင့် (၁)နေရာရယူနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့် (၂)နေရာရရှိအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

**အောင်မြင်မှုမြင့်မားခဲ့သည့် မြန်မာ့အားကစား**

မြန်မာ့အားကစားသမိုင်းကြောင်းအရ ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အောင်မြင်မှုမြင့်မားခဲ့ပြီး အားကစားနည်းအချို့ဆိုလျှင် အရှေ့တောင်အာရှအဆင့်ကို ကျော်လွန်ပြီး အာရှအဆင့်ကို ထိုးဖောက်၊ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည့် သာဓကများလည်းရှိခဲ့ပြီး



(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပမည့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ My Dinh ဘောလုံးကွင်းကို တွေ့ရစဉ်။

- **ဗီယက်နမ်နိုင်ငံတွင် လာမည့် ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဟနွိုင်းမြို့နှင့် နီးစပ်နေရာ (၁၂) နေရာတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကြီးကို အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားရန် အတည်ပြုဆုံးဖြတ်**
- **အားကစားနည်း ၄၀ အတွက် စုစုပေါင်း ရွှေတံဆိပ် ၅၂၆ ခု ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၈ နည်း ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထား**

မြန်မာ့အားကစားအဆင့်အတန်း မနိမ့်ခဲ့သည်ကိုလည်း မှတ်တမ်းမှတ်ရာများက သက်သေခံလျက်ရှိပါသည်။ အဆိုပါကာလများအတွင်း အောင်မြင်မှု အမြင့်မားဆုံးအားကစားနည်းကိုပြပါဆိုလျှင် မြန်မာ့ဘောလုံးကို ပြရမည်ဖြစ်ပါသည်။ တစ်ချိန်က မြန်မာ့ဘောလုံးအသင်းအနေဖြင့် ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် အာရှချန်ပီယံ (၂) ကြိမ်၊ ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်များတွင် အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံ (၅)ကြိမ်ဆက်တိုက်ရရှိခဲ့ပြီး ဒေသတွင်း ပြိုင်ပွဲများဖြစ်သည့် မာဒေးကားချန်ပီယံ (၄) ကြိမ်၊ ပတ်ချုံဟီးဖလားချန်ပီယံ (၃) ကြိမ်၊ ဂျကာတာ ဖလားချန်ပီယံ (၄)ကြိမ်၊ မာရာဟာလင်ဖလား ချန်ပီယံ (၃) ကြိမ်၊ အာရှလူငယ်ချန်ပီယံ (၈) ကြိမ် ရရှိခဲ့သည့်အပြင် ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ် ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုများအထိ ရရှိခဲ့သည့် အောင်မြင်မှုမှတ်တမ်းများကို ပိုင်ဆိုင်ထားပြီး အခြားအောင်မြင်မှု မြင့်မားခဲ့သည့် ပြေးခုန်ပစ်၊ ဘော်လီဘော၊ အလေးမ၊ သေနတ်ပစ်၊ ရေကူး၊ ကျွမ်းဘား၊ လက်ဝှေ့အားကစားနည်းများ၏ အောင်မြင်မှု မှတ်တမ်းမှတ်ရာများမှာလည်း သိသာထင်ရှားလှပါသည်။

**တဖြည်းဖြည်း ကျဆင်းလာသည့် မြန်မာ့အားကစား**

သို့ရာတွင် အခြေအနေအကြောင်းကြောင်းအရ မြန်မာ့အားကစားအဆင့်အတန်း တဖြည်းဖြည်း ကျဆင်းလာခဲ့သည်မှာ ဆယ်စုနှစ် (၄ ၊ ၅) စုတိုင်ကြာမြင့်ခဲ့ပြီ ဖြစ်သည်ကိုလည်း စိတ်မကောင်းစွာ မြင်တွေ့နေရပါသည်။ ကျင်းပပြီးစီးခဲ့သည့် SEAP Games, SEA Games ပြိုင်ပွဲ သမိုင်းတစ်လျှောက်ကို ပြန်ကြည့်ပါက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် SEAP Games ပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၅ ခုဖြင့် လည်းကောင်း၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် SEAP Games ပြိုင်ပွဲတွင် ရွှေတံဆိပ် ၅၇ ခုဖြင့် နိုင်ငံအလိုက် ပထမရရှိခဲ့ပြီး ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၈၆ ခုဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရှိရကာ ပြိုင်ပွဲယှဉ်ပြိုင်မှု ကာလတစ်လျှောက် ဆုတံဆိပ်ရရှိမှုအခြေအနေများအား သုံးသပ်ရလျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

- ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ် SEAP Games ပြိုင်ပွဲနှင့် ၁၉၇၉ ခုနှစ် ဒသမအကြိမ် SEA Games ပြိုင်ပွဲအထိ မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် (၂၀၊ ၂၈၊ ၂၅၊ ၂၆) ခု ရရှိခဲ့သဖြင့် ရွှေတံဆိပ် ၂၀ မှ ၂၈ ခုအကြား ရရှိခဲ့သည်ကို တွေ့ရပါသည်။
- ၁၉၈၁ ခုနှစ် (၁၁) ကြိမ်မြောက်မှ ၁၉၉၉ ခုနှစ် (၂၀)ကြိမ်မြောက် SEA Games ပြိုင်ပွဲများအတွင်း အမြင့်ဆုံးရွှေတံဆိပ် ၁၈ ခုကို ၁၉၈၃ ခုနှစ် စင်ကာပူ SEA Games တွင် ရရှိခဲ့ပြီး ၁၉၉၉ ခုနှစ် ဘရူနိုင်း SEA Games တွင် ရွှေတံဆိပ် ၃ ခုသာ ရရှိခဲ့ပါသည်။
- ၂၀၀၁ ခုနှစ် (၂၁) ကြိမ်မြောက် မလေးရှား SEA Games ပြိုင်ပွဲမှ ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် အင်ဒိုနီးရှား SEA Games ပြိုင်ပွဲအတွင်း အမြင့်ဆုံး ရွှေတံဆိပ် ၁၉ ခုနှင့် အနိမ့်ဆုံး ရွှေတံဆိပ် ၁၂ ခုအတွင်းသာ ရရှိခဲ့သည်ကို တွေ့ရသည်။

**အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာသည့် အားကစား**

မြန်မာ့အားကစားအောင်မြင်ရေးသည် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုတည်းကသာ အောင်မြင်မှုရရှိရေးဆောင်ရွက်ရန် အခက်အခဲရှိသည်ဖြစ်ရာ ယနေ့အချိန်တွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားကစားတိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များ လမ်းညွှန် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွန်းအားပေးဆောင်ရွက်နေချိန်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ အားကစားဆပ်ကော်မတီများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ အားကစားဝါသနာရှင်များ၊ မီဒီယာလောကသားများ၊ အမြို့မြို့အနယ်နယ်ရှိ အားကစားကို စိတ်ပါဝင်စားသည့် မြို့မိမြို့ဖများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးမှ အမျိုးသားရေးအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့်အချိန်ရောက်ပြီဟုလည်း ဆိုချင်ပါသည်။

**မကြာမီကျင်းပတော့မည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ**

ဗီယက်နမ်နိုင်ငံတွင် လာမည့် ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဟနွိုင်းမြို့နှင့် နီးစပ်နေရာ (၁၂) နေရာတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကြီးကို အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားရန် အတည်ပြုဆုံးဖြတ်ပြီး ဖြစ်ပါသည်။ ထည့်သွင်းကျင်းပမည့် အားကစားနည်း ၄၀ အတွက် စုစုပေါင်း ရွှေတံဆိပ် ၅၂၆ ခု ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၈ နည်း ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထား လေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအားကစားနည်း ၁၈ နည်းအတွက် ရွှေတံဆိပ် ၂၇၉ ခု ချီးမြှင့်သွားမည်ဖြစ်ပါသည်။

**ကြိုတင်ပြင်ဆင်မှုများ**

ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားနည်း ၁၂ နည်းဖြစ်သည့် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်/စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူး စသည့် အားကစားနည်းများအား ၁-၂-၂၀၂၁ ရက်နေ့မှ စတင်စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး စခန်းသွင်းအင်အားအနေဖြင့် အုပ်ချုပ်/နည်းပြ ၃၉ ဦး၊ အားကစားသမား (ကျား) ၈၃ ဦး၊ အားကစားသမား (မ) ၅၉ ဦး၊ အားကစားသမား စုစုပေါင်း ၁၄၂ ဦး၊ အုပ်ချုပ်/နည်းပြအပါအဝင် စုစုပေါင်း ၁၈၁ ဦး စခန်းဝင် လေ့ကျင့်လျက်ရှိပါသည်။

*စာမျက်နှာ ၁၇ သို့*

# နတ်မောက်မြို့ မြို့မစည်ပင်သာယာဈေး အသစ်ပြန်လည်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီး

**နတ်မောက် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မြို့မစည်ပင်သာယာဈေးအသစ် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

**အသစ်ပြန်လည်တည်ဆောက်**

အဆိုပါမြို့မစည်ပင်သာယာဈေးကြီးသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၃ရက်က မီးလောင်ပျက်စီးခဲ့မှုကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(မီနီဘက်ဂျက်) တိုင်းဒေသကြီးအစိုးရထောက်ပံ့ငွေ ကျပ်သိန်း ၅၅၀၀ ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည်။

ထိုသို့တည်ဆောက်ရာတွင် ဈေးဆိုင်ခန်းသစ်ဆောက်လုပ်ခြင်း ၂၂ ရုံ၊ အသားငါးဆိုင်ခန်းတစ်ရုံ၊ မြို့မဈေးအတွင်း တောင်/မြောက်လမ်းသွယ်(၁) မူလ ၁၂ ပေ အကျယ်လမ်းကို ၂၄ ပေ အကျယ်ကွန်ကရစ်လမ်းသားချဲ့ခြင်း၊ မြို့မဈေးအတွင်း တောင်/မြောက် လမ်းသွယ်(၁) လမ်း အရှေ့ဘက်ခြမ်း အုတ်ရေမြောင်း ဆောက်လုပ်ခြင်းနှင့် ရေမြောင်း ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဈေးကြီးတွင် အလျား ၈ ပေ၊ အနံ ၆ ပေ ဆိုင်ခန်းပေါင်း ၄၇၈ ခန်း တည်ဆောက်ထားရှိပြီး ၂၀၂၂ခုနှစ် မတ်လကုန်မှစ၍ ပြန်လည်ရောင်းချခွင့်ပြုရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာယီဈေးမှဈေးသည်များအား မြို့မစည်ပင်သာယာဈေးအတွင်းသို့ သိရသည်။

**သင်းသင်းမြတ်(ပြန်/ဆက်)**



နတ်မောက်မြို့မစည်ပင်သာယာဈေးသစ်အတွင်း ဆိုင်ခန်းများတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ် အသီးသီးတွင် အားကစားနည်း လေးနည်းဖြစ်သည့် ဘိလိယက်/စနူကာ၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု၊ လှေလှော်နှင့် သေနတ်ပစ် စသည့် အားကစားနည်းများအား ၁-၂-၂၀၂၁ ရက်နေ့မှစတင်ပြီး စခန်းသွင်း လေ့ကျင့်လျက်ရှိပါသည်။ စခန်းသွင်းအင်အား အနေဖြင့် အုပ်ချုပ်/နည်းပြ ၅၈ ဦး၊ အားကစားသမား (ကျား) ၁၂၁ ဦး၊ အားကစားသမား (မ) ၈၃ ဦး၊ အားကစားသမားစုစုပေါင်း ၂၀၄ ဦးနှင့် အုပ်ချုပ်/နည်းပြ အပါအဝင် စုစုပေါင်း ၂၆၂ ဦး စခန်းသွင်း လေ့ကျင့်စေလျက်ရှိပြီး ကျန်အားကစားနည်း နှစ်နည်းဖြစ်သည့် ဂေါက်သီးနှင့် စစ်တုရင် အားကစားနည်းများအနေနှင့် သက်ဆိုင်ရာအဖွဲ့ချုပ် အစီအစဉ်ဖြင့် လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရသည်။

ပြိုင်ပွဲကြီးတွင် အောင်မြင်မှုရရှိစေရေးအတွက်လည်း အားကစားနည်းခြောက်နည်းကို တရုတ်နိုင်ငံသို့ Joint Training စေလွှတ်ထားရှိပြီး ပြေးခုန်ပစ် အားကစားနည်းမှ ၁၀ ဦး၊ လက်ဝှေ့ ၁၀ ဦး၊ ဘော်လီဘော ၁၅ ဦး၊ အလေးမ ၁၆ ဦး၊ ဝူရှူး ရှစ်ဦး၊ လှေလှော် (ကနူး/ကယက်) ၂၀ စုစုပေါင်း ၇၉ ဦး စေလွှတ်ထားပြီး ယခုအခါ ဘော်လီဘောနှင့် ကနူး/ကယက် အားကစားသမားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေပြီး ကျန်အားကစားနည်းများမှ အားကစားသမားများလည်း မကြာမီအချိန်အတွင်း ပြန်လည်ရောက်ရှိလာတော့မည်ဖြစ်ကြောင်း လည်း သိရှိရသည်။

**ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်/နည်းပြ၊ အားကစားသမား ခန့်မှန်းအရေအတွက်**

လက်ရှိအနေအထားအရ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၁၈ နည်းအတွက် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ အင်အား ၄၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိပြီး အုပ်ချုပ်/နည်းပြ၊ အားကစားသမားအရေအတွက် အနေဖြင့် အနည်းငယ် အတိုး/အလျော့ရှိနိုင်ကြောင်း သိရှိရပါသည်။ ပြိုင်ပွဲသို့ အမှန်တကယ် သွားရောက်ယှဉ်ပြိုင်သည့်အခါ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ အုပ်ချုပ်မှုအဖွဲ့၊ ဆေးအဖွဲ့၊ မီဒီယာအဖွဲ့များပါရှိမှာဖြစ်သည့်အတွက် ခန့်မှန်းအင်အား ၄၅၀ နှင့် ၅၀၀ ကြားခန့် ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားရှိသည်။

**နိုင်ငံတကာနည်းပြငှားရမ်းဆောင်ရွက်မှုအခြေအနေ**

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားနည်းများ အောင်မြင်မှုရရှိစေရေးအတွက် မြားပစ် အားကစားနည်းနှင့် တိုက်ကွမ်ဒိုအားကစားနည်းများအတွက် ကိုရီးယားနည်းပြကို လည်းကောင်း၊ ပီတန်းအားကစားနည်းအတွက် ထိုင်းနည်းပြကို လည်းကောင်း၊ အားကစားသမားအားလုံး သတ်မှတ်လေ့ကျင့်ချိန်များအတိုင်း GYM လေ့ကျင့်ခန်းများ ဝင်ရောက်သည့်အခါ စနစ်ကျသည့် လေ့ကျင့်မှုများ ပြုလုပ်နိုင်စေရေးအတွက် ဂျပန်နည်းပြတစ်ဦးကို လည်းကောင်း ငှားရမ်းလေ့ကျင့်စေလျက်ရှိကြောင်း သိရှိရသည်။




(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေစဉ်။

**အားကစားနည်းအလိုက် အားကစားသမားများ စိစစ်အတည်ပြုရွေးချယ်မှု အခြေအနေ**

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားနည်းများအနက် စံချိန်စံညွှန်းနှင့် ရွေးချယ်ရသည့် မြားပစ်၊ ပြေးခုန်ပစ်၊ လှေလှော်၊ သေနတ်ပစ်၊ အလေးမ စသည့် အားကစားနည်းများအား ရွေးချယ်သည့်အခါ ယခင် SEA Games ပြိုင်ပွဲဝင်စံချိန်များအပေါ် နှိုင်းယှဉ်၍ စိစစ်ရွေးချယ်ခြင်းဖြစ်ပြီး စံချိန်စံညွှန်းမရှိသည့် ကျန်အားကစားနည်းများအတွက် အားကစားနည်းအလိုက် သက်ဆိုင်ရာနည်းပြအဖွဲ့များနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ပေးအပ်သူများဖြင့် စနစ်တကျ အမှတ်ပေး ရွေးချယ်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

**စခန်းဝင်အားကစားသမားများအား ကျွေးမွေးထောက်ပံ့နေမှုအခြေအနေ**

စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား စားစရိတ်အဖြစ် တစ်ဦးလျှင် တစ်ရက် ၅၀၀၀ နှုန်းဖြင့် ကျွေးမွေးဆောင်ရွက်လျက်ရှိပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအတွက် ထောက်ပံ့ကြေးအဖြစ် (A) အဆင့် သတ်မှတ်ခံရပါက လစဉ် ကျပ်နှစ်သိန်း၊ (B) အဆင့် ကျပ်တစ်သိန်းခွဲ၊ (C) အဆင့် ကျပ်တစ်သိန်း ချီးမြှင့်ထောက်ပံ့ထားပြီး အားကစားသမားများအနေဖြင့် ရွှေတံဆိပ်ရရှိခဲ့ဖူးသူဖြစ်ပါက (A)အဆင့်သတ်မှတ်ပြီး ငွေ/ကြေး ဆုတံဆိပ် တစ်ခုခုရရှိခဲ့ဖူးပါက (B) အဆင့် သတ်မှတ်ကြောင်းနှင့် ယခင် SEA Games ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး ဆုတံဆိပ် မရရှိခဲ့သော်လည်း လက်ရှိအနေအထားအရ စွမ်းဆောင်မှုကောင်းမွန်ပြီး အလားအလာရှိသူအား (C) အဆင့် သတ်မှတ်ချီးမြှင့် ထောက်ပံ့ပေးလျက်ရှိကြောင်းလည်း သိရှိရသည်။ ၎င်းအပြင် စခန်းဝင်ရောက်လျက်ရှိသည့် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြ၊ အားကစားသမားအားလုံးအား T-Shirt, Sport Shirt, Walking Shoes, Track Suit များ၊ လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံးပစ္စည်းများ၊ အားကစားနည်းအလိုက် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများအားလုံး ပြည့်ပြည့်စုံစုံ ထောက်ပံ့ပေးထားပြီး စခန်းဝင် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ အားလုံးအား တစ်ရက်သုံးကြိမ် (နံနက်၊ နေ့လယ်၊ ည) အားဆေးများ တိုက်ကျွေးခြင်း၊ အားကစားအဖွဲ့လိုက်ဖြစ်စေ လိုအပ်ပါက တစ်ဦးချင်းဖြစ်စေ စိတ်ပညာပါမောက္ခမှ Mental Training အဖြစ် စိတ်ဓာတ်မြင့်မားတက်ကြွစေမည့် Motivation များ လုပ်ဆောင်ပေးလျက်ရှိကြောင်းလည်း သိရှိရသည်။

**ဆုတံဆိပ်ရရှိသည့် အားကစားသမားများအား ချီးမြှင့်ထောက်ပံ့မည့်အခြေအနေ**

ပြီးခဲ့သည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများအား နိုင်ငံတော်အနေဖြင့် အားကစားသမားတစ်ဦးချင်း ပြိုင်ပွဲများအတွက် ရွှေတံဆိပ် ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ကျပ်သိန်း ၁၀၀၊ ကြေးတံဆိပ် ကျပ်သိန်း ၅၀ ချီးမြှင့်ပေးအပ်ပြီး အသင်းလိုက်ပြိုင်ပွဲများအတွက် ရွှေတံဆိပ် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ကျပ် သိန်း ၅၀၊ ကြေးတံဆိပ် ကျပ်သိန်း ၃၀ နှင့် နည်းပြများနှင့် အုပ်ချုပ်မှုအဖွဲ့များအတွက်လည်း ရွှေတံဆိပ် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ကျပ်သိန်း ၅၀၊ ကြေးတံဆိပ် ကျပ်သိန်း ၃၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့် လာမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးမှာလည်း အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ငွေများ ထောက်ပံ့ချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ပြည်သူလူထုတစ်ရပ်လုံးမှ ဝိုင်းဝန်းအားပေးကြပါစို့**

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် စခန်းဝင်လေ့ကျင့်နေကြသည့် အားကစားသမားများအား မပြတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်မှန်သမျှ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ မကြာခဏ အားပေးစကားပြောကြားခြင်း၊ ကျန်းမာရေးကို အထူးဂရုစိုက်ပြီး ပြိုင်ပွဲတွင် အားကစားနည်းအလိုက် အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေး အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် အားကစားသမားများအနေနှင့်လည်း စိတ်ဓာတ်ရေးရာအရ၊ လေ့ကျင့်မှုအခြေအနေအရ၊ စည်းကမ်းကောင်းမွန်မှုအခြေအနေအရ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေးအတွက် ပြည်သူတစ်ရပ်လုံးမှ ဝိုင်းဝန်းအားပေးကြရန် တိုက်တွန်း နှိုးဆော်အပ်ပါကြောင်း ...။ ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နေ ဖြိုးဇင်ထွန်း(၁၇)နှစ်၊ လယ်ကုန်းရပ်ကွက် နယ်မြေ(၁)နေ ယဉ်မင်းအေး(ခ) တနီးသျှား (၁၆)နှစ်နှင့် လယ်ကုန်းရပ်ကွက် နယ်မြေ (၇) နေ မလုလုမိုင်(၁၇)နှစ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် တရားမဝင်ကျေးရွာနေ ဒေါက်တာသန့်ဇင်ထွေးတို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့မဈေးအတွင်း PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် ဈေးရောင်း/ဈေးဝယ် ပြုလုပ်နေကြသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ၊ ဈေးဆိုင်ခန်း အများအပြားပျက်စီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် သထုံမြို့ရှိ မြို့မဈေးတွင် ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဈေးအတွင်း၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဈေးခေါင်းရုံးအပါအဝင် ဈေးဆိုင်ခန်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ဈေးရောင်း/ဈေးဝယ်လာသူ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ပျက်စီးဆုံးရှုံး**

ဖြစ်စဉ်မှာ သထုံမြို့ရှိ မြို့မဈေးအတွင်းသို့ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက TNT ယမ်းပြင်းဖြင့် ပြုလုပ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် ဈေးအတွင်း၌ ဈေးရောင်း/ဈေးဝယ်ပြုလုပ်နေကြသည့် အမျိုးသား လေးဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ကိုးဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် မိုင်းပေါက်ကွဲမှုကြောင့် ဈေးခေါင်းရုံးအပါအဝင် ဈေးဆိုင်ခန်း အများအပြား ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သထုံခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းကျေးရွာတွင် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ၁၂၃ ဧက ဖော်ထုတ်

**လက်ပံတန်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့်အဖွဲ့သည် ယမန်နေ့က ကြို့ပင်စခန်းကျေးရွာတွင် စက်မှုလယ်ယာစနစ်ကျလယ်မြေ ၁၂၃ ဧက ဖော်ထုတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ စက်မှုလယ်ယာစနစ်ကျလယ်မြေ လုပ်ငန်းအကောင်အထည်ဖော်



ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်သူက ရှင်းလင်းတင်ပြသည်။

အဆိုပါ စက်မှုလယ်ယာစနစ်ကျလယ်မြေ ၁၂၃ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၂ သန်းဖြင့် ရွှေကံဦးကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ကြို့ပင်စခန်းကျေးရွာတွင် စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းကို ကွင်းအမှတ် (၁၁၇၈) ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၁၅ ဧက၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ၁၂၃ ဧက ဖော်ထုတ်ခြင်းဖြစ်သည်။ စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းအတွက် ရေသွင်းရေထုတ်မြောင်းပါရှိခြင်းကြောင့် စိုက်ပျိုးသီးနှံများအတွက် ရေကိုလိုသလိုအသွင်းအထုတ်လုပ်နိုင်ခြင်း၊ စနစ်ကျ လယ်ကွက်များတွင် လယ်ယာသုံးစက်ကိရိယာများ အချိန်မရွေး ရာသီမရွေး ဝင်ရောက်လုပ်ကိုင်နိုင်သဖြင့် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးနိုင်သည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နတ္တလင်းမြို့နယ်၌ တရားမဝင်လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က တရားမဝင် ဂျင်၊ ခြောက်ကောင်ခုံနှင့် ကြက်တိုက်လောင်းကစားများ ပြုလုပ်နေသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီတွင် နတ္တလင်းမြို့နယ် ပေါက်ကုန်းကျေးရွာရှိ လယ်ကွင်းပြင်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပြည်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ ပေါက်ကုန်းကျေးရွာနေ ကျော်ထူး(၃၃)နှစ်ပါ အမျိုးသား ရှစ်ဦးတို့အား တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဂျင်သီး သုံးလုံး၊ ခြောက်ကောင်ခုံ သုံးခုံ၊ ဇယားကားချပ်ခြောက်ခု၊ တိုက်ကြက်ဖ နှစ်ကောင်၊ လောင်းကစားရာတွင် အသုံးပြုသည့် ငွေကြေးများ၊ လက်ကိုင်ဖုန်း သုံးလုံး၊ ဆိုင်ကယ် မျိုးစုံ အစီး ၅၀ တို့နှင့်အတူ ဖမ်းဆီးရမိသောကြောင့် ကျော်ထူးပါ ရှစ်ဦးအား နတ္တလင်းမြို့မရဲစခန်းက အမှုရေးဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# မိတ္ထီလာ(မြောက်)ကန် ရေသောက်စနစ်ဖြင့် နွေစပါးများ စိုက်ပျိုးနိုင်ရေး ပျိုးထောင်ရေများ စတင်လွှတ်ပေးလျက်ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ(မြောက်)ကန်ရေသောက်စနစ်ဖြင့် နွေစပါးများ စိုက်ပျိုးနိုင်ရေး ပျိုးထောင်ရေများကို ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်၍ လွှတ်ပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် အတွင်းရှိ ဒေသခံတောင်သူများ ဝမ်းစာဖူလုံရေးအတွက် ဆည်ရေကန်ရေများဖြင့် နှစ်စဉ် မိုးစပါးများနှင့် နွေစပါးများကို စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အဆိုပါ ဆည်ကန်များ၌ မိုးရေဝင်ရောက်မှု နည်းပါးသည့်အတွက် နွေစပါးကို မြို့နယ်အတွင်းရှိ ဆည်၊ ကန်များအားလုံး စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်နှင့် ရှမ်းမငယ်ဆည်ရေတို့ဖြင့်သာ နွေစပါး စိုက်ပျိုးသွားမည်ဖြစ်သည်။ ယင်းသို့ နွေစပါးများ စိုက်ပျိုးရာတွင် မိတ္ထီလာ(မြောက်) ကန်ရေဖြင့် လျော်ဖြူကန်၊ ဇောင်ချမ်းကုန်း၊ ကဖြူကျေးရွာ အုပ်စုများရှိ ကွင်းခြောက်ကွင်းတွင် နွေစပါး စိုက်ဧက ၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ ယင်းစိုက်ဧကများတွင် နွေစပါးစိုက်ပျိုးနိုင်ရေး ပျိုးထောင်ရန် ကန်ရေများ စတင်လွှတ်ပေးနေပြီဖြစ်သည်။ မိတ္ထီလာမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ်၌ ဆည်ရေကန်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ဧက ၈၂၀ စိုက်ပျိုးသွားရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၂-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၃၅** ပြည်သူအားလုံးနဲ့သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၄၀** ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့အနုသုခုမပြခန်း' (အပိုင်း-၁)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၂) (ကျော်ကျော်၊ Wai လျှံ၊ဆောင်းယွန်းစံ)
**၁၃:၁၅** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'ပညာရှိသူအို'
**၁၇:၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၂၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သိရှိဂဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ရှုံ့ခွက်ချက်' (အပိုင်း-၆၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဒီမိုကရေစီဆိုသည်မှာ
**၂၁:၁၀** 'လူငယ်အားမာန် မိုးထိလျှံ' အငြိမ့်

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:02** Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
**07:08** Weekly Review
**07:24** Manuha Temple Festivities
**07:42** Myanmar Designer Studio: Latt Latt
**08:01** Quiz Time (Ep-8)
**09:01** News
**09:26** Global Partnership for Brighter Future: Tuvalu Pavilion at Expo 2020 Dubai
**09:33** Welcome to the Southern most part of Myanmar
**09:44** Village Belle
**10:01** Charming & Fragrant Sabai
**10:10** Mommy Cook: The Foster Mother
**10:29** Myanmar Handicrafts

**MRTV NRC**

**ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဂေါ်ရန်ဂိုကျွန်းသဘာဝအလှ (အပိုင်း-၁)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကျန်းမာစေတဲ့မင်းကွတ်သီး

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းတောင်တွင် စီးပွားဖြစ်လာသည့် စတော်ဘယ်ရီစိုက်ပျိုးရေး

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ပဲရင်းထောင်းနဲ့ နွားနောက်သားခြောက်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ပွိုင့်ကမ်းခြေသို့ အလည်သွားကြမယ်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ပ (၁၇:၀၀ မှ ၁၉:၀၀)**
မုန့်လုံးပြုလုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဖိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၆)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအပြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို ဝနေ့၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့် အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၇၁ မျိုး စုစုပေါင်း ၂၀၂၇၄၉ ဒသမ ၃၉ Kg ၊ နယ်စပ် (ချင်းရွှေဟော်၊ လွယ်ဂျယ်)တွင် ကုမ္ပဏီနှစ်ခုမှ Disposable Face Mask ၁၇၅၁၁ Kg ၊ Syringe ၂၃၂၈ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၂ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၄၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၅/၁၆၉၀ ကျပ် | ၁၇၀၀/၁၇၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၅/၁၇၀၀ ကျပ် | ၁၇၁၅/၁၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၅၀/၁၆၇၅ ကျပ် | ၁၆၈၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၅/၁၇၃၅ ကျပ် | ၁၈၁၀/၁၈၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၃၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၈၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၃၀၀ | ၁၂၆၀ | ၁၀၃၃၃၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၇၉၉ | ၂၃၉၇၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁၃ | ၃၄၄၅၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၆ | ၁၇၁၀၀ |
| AHP | ၅၂၀၀ | ၅၂၀၀ | ၂ | ၁၀၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီရွှေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ရှောင်တခင် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော 1P/ 3145 (Mitsu-bishi Chariot) အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၀၀၀၀ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ယာပုံ)**

ထို့အပြင် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များမှ သတင်းအရ သွားရောက်စစ်ဆေးရာ ကြံခင်းမြို့နယ်အတွင်း တရားမဝင် ပျဉ်းကတိုးခွဲသား ၂ ဒသမ ၂၆၄၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၈၈၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဖေဖော်ဝါရီ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင် စစ်ဆေးခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း YAN CC/ 3169 (NISSAN WINGROAD Y-12) အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ နှင့် ဟုမ္မလင်းမြို့နယ်အတွင်း KENBO-125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၀၀၀၀၀ ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၁၀ ဒသမ ၅၄၆၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၉၁၈၀ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Samsaung Brand Microwave Oven (23 Liter) ၄၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၀၀၀၀ နှင့် Samsaung Brand Microwave Oven (30 Liter) ၂၅ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၀၀၀၀ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



၎င်းအပြင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ရှောင်တခင်စစ်ဆေးခဲ့ရာ 5E-1379 (Nissan March Hatch Back (4x2) RHD) အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၇၂၀၆၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ မူဆယ်မြို့၌ လှူဒါန်း

**မူဆယ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်းရှိ ကိုဗစ်-၁၉ (Omicron) ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မူဆယ်မြို့ပေါ် အခြေခံပညာကျောင်းများသို့ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ဘူးများကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် သွားရောက်လှူဒါန်းသည်။**(အောက်ပုံ)**



ထိုသို့လှူဒါန်းရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးမှူးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဟန်ဝင်းဇော်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်စိုးနိုင်နှင့် အဖွဲ့ဝင်များက အမှတ် (၁)၊(၂)၊(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ (Omicron) ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောပြီး နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ဘူးများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# ရန်ကုန်၊မန္တလေးနှင့်ဟိုပန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် ည ၁၁ နာရီ ၃၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(စ) ရပ်ကွက် အမှတ် (တတ-၄၀/၂၉) ရှိ ဖိုးသား (ခ)မွေးနီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၉၅၅ ကီလို၊ အိုက်စ် ၀ ဒသမ ၄၁၅ ကီလိုကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၇)ရပ်ကွက် မင်းရဲကျော်စွာ(၃)လမ်း အိမ်အမှတ်(မ/၅၁၄)ရှိ အောင်ညိုလေး (ခ)လာစ်ဖစ်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ရွှေကျော်ဦး(ခ) ရှလစ်နှင့် အီဘရိုင်ဟင် (ခ)အငယ်လေးတို့အား တွေ့ရပြီး ၎င်းတို့ သုံးဦးထံမှ ဘိန်းဖြူ ၀ ဒသမ ၁၉ ကီလို၊ ဆေးခြောက် ၀ ဒသမ ၁၆ ကီလို၊ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် သိမ်ဖြူလမ်းမကြီးတွင် အောင်နိုင်ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့၊ မိန်းပန်းရှမ်းရပ်ကွက် ဟိုပန်-ဖာကျွတ် ကားလမ်းတွင် ယီဝေချိန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# စိတ်ကြွရူးသွပ်ဆေးပြားများ တပ်ကုန်းမြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တပ်ကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၇၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် တပ်ကုန်းမြို့နယ် ပင်လောင်း-တပ်ကုန်း သွားကားလမ်း ကင်းသာကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ပင်လောင်းမှ တပ်ကုန်းဘက်သို့ ထိန်လင်းအောင် (၂၄ နှစ် ) မောင်းနှင်ပြီး မောင်မောင် (၆၅ နှစ်) လိုက်ပါလာသည့် GRAND MARK II မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၂၇၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ ညနေ ၄ နာရီ တွင် ပင်လောင်းမြို့နယ် ရေဆိုးကျေးရွာဘုရား အနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ကျော်လ (၅၆ နှစ်)ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ကုမ္ပဏီ ၁၄ ခုမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၃၃၈ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို မြန်မာ့ရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်းဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး၊ နေ့စဉ်ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ **www.mpta.org.mm** တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**တိုင်းဒေသကြီး / ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း**

၁၈-၂-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၂ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၇၀ |
| ၃ | နေပြည်တော် | ၁၂ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၃၇ |
| ၅ | မကွေးတိုင်းဒေသကြီး | ၁၆ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၂၄ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၉ | ကချင်ပြည်နယ် | ၈ |
| ၁၀ | ကရင်ပြည်နယ် | ၃ |
| ၁၁ | မွန်ပြည်နယ် | ၃၀ |
| ၁၂ | ရခိုင်ပြည်နယ် | ၉ |
| ၁၃ | ရှမ်းပြည်နယ် | ၄၁ |
| | စုစုပေါင်း | ၃၃၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးဇုန်နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ လေးစီးဖြင့် နှာခေါင်းစည်း (Mask) ၂၉ တန်ကို တင်သွင်းကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်းသိရသည်။ **သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး**
**ဦးဆောင်ကော်မတီ**


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**


## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ ပိုက်ကျော်ခြင်း အားကစားရုံ၌ ကျင်းပသည်။ ပထမနေ့ပြိုင်ပွဲတွင် မြို့နယ်ရှစ်မြို့နယ်မှ ပွဲစဉ်ပေါင်း ၁၆ ပွဲ ယှဉ်ပြိုင်ကစားကြသည်။ “ကျွန်တော်တို့ မြန်မာ့ရိုးရာအားကစားနည်းရဲ့ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေအပိုင်းကိုးပိုင်းရှိတယ်။ အဲဒီဥပဒေနဲ့ကစားတယ်။ အမျိုးသား တံခွန်စိုက်ပြိုင်ပွဲကို ဆယ်ပေါက်တန်း၊ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲကို ခြောက်ပေါက်တန်း၊ မြို့နယ်အဆင့်ကို လေးပေါက်တန်း သတ်မှတ်ထားပါတယ်။ ရိုးရာခြင်းလုံးအားကစားနည်းရဲ့ ပြိုင်ပွဲဝင်နည်းစနစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ရိုးရာမပျောက်ပျက်အောင် ကစားနိုင်တဲ့လူတွေပါထွက်လာအောင် ကျင်းပခြင်းဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်မြင့်ဦးက ပြောသည်။ ယင်းပြိုင်ပွဲကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပခဲ့ပြီး အသင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အာကာစိုး**



ဒဂုံမြို့နယ်အသင်း ယှဉ်ပြိုင်စဉ်။

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၂၆) မှာ တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ ကြိုးစားလာမယ့် နော့ဝှစ်ချ်က လီဗာပူး၊ အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးက ကစားရခက်ခဲတဲ့ စပါး၊ နောက်ဆုံးသုံးပွဲဆက်ပျောက်ဆုံးထားတဲ့ လိဒ်စ်က မန်ယူအသင်းတို့နဲ့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာပါ။

# အီတီဟက်မှာ ဂွါဒီယိုလာရဲ့ မန်စီးတီးကို အနိုင်ယူဖို့ မလွယ်တဲ့ ကွန်တီရဲ့ စပါး

## မန်စီးတီး VS စပါး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု စပါး ၁-၀ မန်စီးတီး**

နောက်ဆုံးပြိုင်ပွဲစုံလေးပွဲမှာ လေးပွဲစလုံးဂိုးပြတ်နိုင်ပွဲရရှိထားတဲ့ မန်စီးတီးရဲ့ ခြေစွမ်းက အထူးကောင်းမွန်နေတယ်။ ပြိုင်ဘက် စပါးအသင်းက နောက်ဆုံးနှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားတယ်။ မန်စီးတီးက ယခုပွဲစဉ်မတိုင်မီ ချန်ပီယံလိဂ်ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ စပါးက ကြားပွဲကစားထားရခြင်း မရှိတာကြောင့် မန်စီးတီးထက် နားရက်ပိုရထားတယ်။ နိုင်ပွဲဆက်နေတဲ့ မန်စီးတီး ရှုံးပွဲဆက်နေတဲ့ စပါးဆီမှ ရမှတ်အပြည့်ရယူသွားဖွယ်ရှိတယ်။



## ပဲလေ့စ် VS ချယ်ဆီး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ချယ်ဆီး ၃-၀ ပဲလေ့စ်**

ပဲလေ့စ်က နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတယ်။ ချယ်ဆီးက ပြီးခဲ့တဲ့ပွဲမှာ ဘရာဇီးကလပ် ပါးလ်မီးရက်စ်အသင်းကို အနိုင်ယူပြီး ကလပ်ကမ္ဘာ့ဖလားဆွတ်ခူးထားတာကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ တက်ကြွနေတယ်။ ဒါပေမယ့် ချယ်ဆီးက လိုင်လီ၊ လီဗာပူးအသင်းတို့နဲ့ ကစားရဖို့ရှိနေတာကြောင့် ယခုပွဲစဉ်ကို အဓိက ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမလား စောင့်ကြည့်ရမယ်။ ချယ်ဆီးဆီက ရမှတ်အပြည့် ပဲလေ့စ်အသင်း မရရှိနိုင်ဘူး။

## လိဒ်စ် VS မန်ယူ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်ယူ ၅-၁ လိဒ်စ်**

လိဒ်စ်က မန်ယူနဲ့တွေ့တိုင်း ဂိုးပြတ်ရှုံးနိမ့်တတ်တဲ့အစဉ်အလာရှိတယ်။ မန်ယူကလည်း ပြီးခဲ့တဲ့ပွဲမှာ တိုက်စစ်ခြေစွမ်းပြပြီး ဘရိုက်တန်ကို နှစ်ဂိုးပြတ်အနိုင်ယူထားတယ်။ ဒါပေမယ့် လိဒ်စ်က တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် မန်ယူကို နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ မန်ယူကလည်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတာကြောင့် ခြေကုန်ထုတ်လာမှာပါ။ ခက်ခက်ခဲခဲကစားပြီး မန်ယူနိုင်မယ်။

## အာဆင်နယ် VS ဘရန့်ဖို့ဒ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘရန့်ဖို့ဒ် ၂-၀ အာဆင်နယ်**

အာဆင်နယ်အသင်းက နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး နှစ်ပွဲသရေနဲ့ သုံးပွဲအထိ ရှုံးနိမ့်ထားသလို ဘရန့်ဖို့ဒ်အသင်းက နောက်ဆုံးခုနစ်ပွဲမှာ သရေတစ်ပွဲသာကျထားပြီး ခြောက်ပွဲအထိ ရှုံးနိမ့်ထားတယ်။ ရလဒ်ဆိုးရွားနေတဲ့ အသင်းနှစ်သင်းတွေ့ဆုံနေသော်ငြား အဆင့် (၄) အတွင်းဝင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်အသင်း အမ်းမရိတ်မှာ ပထမအကျော့က ရှုံးကြွေးပြန်ဆပ်ကာ ရမှတ်အပြည့်ရယူဖွယ်ရှိတယ်။

## ဝက်စ်ဟမ်း VS ကာဆယ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ကာဆယ် ၂-၄ ဝက်စ်ဟမ်း**

ဝက်စ်ဟမ်းက လိဒ်စ်၊ မန်ယူတို့ကို ရှုံးနိမ့်ပြီးနောက်ပိုင်း ဟာရီရာ၊ ဝက်ဖို့ဒ်၊ လက်စတာအသင်းတွေကို မရှုံးနိမ့်အောင် ကစားထားနိုင်တယ်။ ပြိုင်ဘက်ကာဆယ်က ထရစ်ပီယာခြေစွမ်းပြမှုနှင့်အတူ နောက်ဆုံးလေးပွဲမှာ ၁၀ မှတ်အထိ စုဆောင်းထားနိုင်တယ်။ ဒါပေမယ့် ထရစ်ပီယာ ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိတဲ့အတွက် ဝက်စ်ဟမ်းကို အနိုင်ယူနိုင်မလား စောင့်ကြည့်ရမယ်။ ကာဆယ်ခြေစွမ်းတက်လာပေမယ့် ဝက်စ်ဟမ်းကပ်နိုင်မယ်။

## ဝုဖ် VS လက်စတာ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု လက်စတာ ၁-၀ ဝုဖ်**

ဝုဖ်က ပြီးခဲ့တဲ့ပွဲမှာ စပါးလိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိထားတယ်။ လက်စတာက ယခုပွဲစဉ်မတိုင်မီ ကွန်ဖရင့်လိဂ်ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ ဝုဖ်က ဒီပွဲစဉ်ပြီးရင် အာဆင်နယ်၊ ဝက်စ်ဟမ်း စတဲ့အသင်းကောင်းတွေနဲ့ ဆက်ပြီးကစားရဖို့ရှိတယ်။ ဝုဖ်နဲ့ လက်စတာအသင်းကြား ရမှတ်ကွာဟမှုက ၁၀ မှတ်အထိ ရှိထားတယ်ဆိုပေမယ့် လိဂ်နိုင်ပွဲရှာတွေ့ဖို့ ကြိုးစားလာမယ့် လက်စတာအသင်း ရလဒ်ကောင်းရရှိနိုင်တယ်။

## ဘရိုက်တန် VS ဘန်လေ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘန်လေ ၁-၂ ဘရိုက်တန်**

ဘရိုက်တန်က ပြီးခဲ့တဲ့ပွဲမှာ မန်ယူအသင်းကို ရှုံးနိမ့်ထားတယ် ဆိုပေမယ့် အသင်းကစားပုံကောင်းမွန်ခဲ့တယ်။ ဘန်လေက ဇယားအောက်ဆုံးမှာရပ်တည်နေတဲ့အသင်းဖြစ်ပြီး အောက်တိုဘာလနောက်ပိုင်း နိုင်ပွဲပျောက်ဆုံးနေတဲ့ အသင်းဖြစ်တယ်။ ဒါကြောင့် ဘန်လေအသင်းအနေနဲ့ ယခုပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရှာဖွေတွေ့ရှိဖို့ အကောင်းဆုံးကြိုးစားလာမှာပါ။ ဘရိုက်တန်ကစားအားကောင်းမွန်ပေမယ့် ဘန်လေရဲ့ ရုန်းအားကို ကြည့်ရမယ်။

## လီဗာပူး VS နော့ဝှစ်ချ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု နော့ဝှစ်ချ် ၀-၃ လီဗာပူး**

လီဗာပူးက ပြီးခဲ့တဲ့ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အင်တာမီလန်အသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိထားတာကြောင့် ပြိုင်ပွဲစုံ ခုနစ်ပွဲဆက် နိုင်ပွဲရရှိထားတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက် နော့ဝှစ်ချ်က တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ဖို့ကြိုးစားလာမယ့်အသင်းဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ဒါပေမယ့် ဦးဆောင်သူ မန်စီးတီးအသင်းကို ထက်ကြပ်မကွာဖိအားပေးနိုင်ဖို့ ကြိုးစားလာမယ့် လီဗာပူးအသင်း ရလဒ်ကောင်းရရှိမယ်။

## ဆောက်သမ်တန် VS အဲဗာတန်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု အဲဗာတန် ၃-၁ ဆောက်သမ်တန်**

အမှတ်ပေးဇယားရပ်တည်မှုအရ အဲဗာတန်အသင်းအနေနဲ့ တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် ဆောက်သမ်တန်အသင်းကို အနိုင်ရရှိဖို့ လိုအပ်နေပါတယ်။ ဆောက်သမ်တန်ကလည်း လေးပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘဲ ပုံစံကောင်းရရှိနေတယ်။ မည်သို့ပင်ဆိုစေ အဲဗာတန်အသင်း ရလဒ်ကောင်းရရှိမယ်။

# ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့မှာ နာပိုလီကို သရေကျခဲ့သည့် ဘာစီလိုနာ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် နာမည်ကြီး ဘာစီလိုနာအသင်းနှင့် နာပိုလီအသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ယခုပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် အသစ်ခေါ်ယူထားသည့် ထရာအိုရေး၊ အူဘာမီယန်၊ တောရက်စ်တို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ပြိုင်ဘက်နာပိုလီအသင်းက အိုစင်မန်၊ အင်ဆစ်ဂ်နီ၊ ဇီလင်စကီးစသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။

ဦးဆောင်ဂိုးကို နာပိုလီအသင်းကစတင်ရရှိခဲ့ပြီး ပွဲချိန် ၂၉ မိနစ်တွင် ဇီလင်စကီးက သွင်းယူခဲ့သည်။ ဘာစီလိုနာအသင်းသည် နာပိုလီအသင်းကို ပွဲချိန်တစ်လျှောက်ဖိအားပေးကစားနိုင်ခဲ့သော်လည်း သွင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ပွဲချိန် ၅၉ မိနစ်တွင် ဘာစီလိုနာအသင်း ချေပဂိုး ရရှိခဲ့ပြီး တောရက်စ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

ထို့နောက်တွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုး ရရှိရန် ကြိုးစားခဲ့သော်လည်း ထပ်မံ ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဘာစီလိုနာ အသင်းနှင့် နာပိုလီ အသင်းတို့ ယူရိုပါလိဂ် ၃၂ သင်း အဆင့် ဒုတိယအကျော့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။



နာပိုလီအသင်းဘက်သို့ တောရက်စ် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။



## ခံစစ်ကစားသမား တီယာနေကို ရီးရဲမက်ဒရစ် ခေါ်ယူလို

ရီးရဲမက်ဒရစ်အသင်းသည် နွေရာသီတွင် အာဆင်နယ်အသင်းမှ အသက် ၂၄ နှစ်အရွယ် ဘယ်ခံစစ်ကစားသမားတစ်ဦးဖြစ်သူ တီယာနေကို ဘာနေဗျူးသို့ ခေါ်ယူရန် ချိန်ရွယ်နေသည်။ တီယာနေသည် အမ်းမရိတ်၌ ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသူ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီသည် တီယာနေ၏ ခြေစွမ်းကို ကြိုက်နှစ်သက်သူဖြစ်သောကြောင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိသည်။

## သတင်းတိုများ

- မန်စီးတီးအသင်းသည် ဘရာဇီးကလပ် မင်နဲရိုးအသင်းမှ ဘရာဇီးတောင်ပံကစားသမား ဆေဗီရို (၁၇နှစ်) ကို ခေါ်ယူရန် နီးစပ်နေသည်။
- နယူးကာဆယ်အသင်းသည် ဆီဗီလာအသင်းမှ အသက် ၂၈ နှစ်အရွယ် ဘရာဇီးခံစစ်ကစားသမား ဒီယေဂို ကားလို့စ်ကို ထပ်မံကမ်းလှမ်းသွားရန် ပြင်ဆင်နေသည်။
- အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့သည် နွေရာသီတွင် အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား မာတီနက်ဇ် (၂၈နှစ်) ကို ခေါ်ယူရန် ပြင်ဆင်နေသည်။
- အေစီမီလန်အသင်းသည် အိုင်းယက်စ်အသင်းမှ မော်ရိုကိုညာခံစစ်ကစားသမား မက်ဇ်ရာအိုအီ (၂၄နှစ်) ကို ခေါ်ယူရန် နာမည်ကြီးဒေါ့မွန်၊ ဘာစီလိုနာအသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့သည်။
- မန်ယူကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ရာသီကုန်တွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖွယ်ရှိနေသည်။ ပေါ့ဂ်ဘာ (၂၈နှစ်) သည် ယခုနှစ် ရာသီ မန်ယူအသင်းအတွက် ပရီမီယာလိဂ် ၁၂ ပွဲသာ ကစားထားရသေးသည်။

■ မိုးဇက် - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၁၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား၂၄-၁-၂၀၂၂ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၂-၂-၂၀၂၂ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## နေပြည်တော် စည်ပင်သာယာရေးကော်မတီ လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အောက်ပါအရပ်ရပ် အခွင့်အရေး လိုင်စင်(၄၇)ခုအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ယာဉ်အပ်နှံမှုကောက်ခံခွင့် လိုင်စင် | (၈)ခု |
| (ခ) | ရေလောင်းအိမ်သာ လိုင်စင်၊ ရေချိုးခန်းနှင့် ရေလောင်းအိမ်သာ လိုင်စင် | (၁၃)ခု |
| (ဂ) | ပွဲကျဈေးကောက်လိုင်စင် | (၂၆)ခု |
| | စုစုပေါင်း | (၄၇)ခု |

၂။ ဈေးပြိုင်စနစ် လေလံတင်ရောင်းချခြင်းကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) လေလံတင်ရောင်းချမည့်ရက် | - | ၃-၃-၂၀၂၂ရက်(ကြာသပတေးနေ့) |
| | - | ၄-၃-၂၀၂၂ရက်(သောကြာနေ့) |
| (ခ) လေလံတင်ရောင်းချမည့်အချိန် | - | နံနက် ၁၀နာရီ |
| (ဂ) လေလံတင်ရောင်းချမည့်နေရာ | - | ဈေးများဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |
| (ဃ) လျှောက်လွှာ ပိတ်မည့်ရက် | - | ၂၈-၂-၂၀၂၂ရက်(တနင်္လာနေ့) |

၃။ လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များ၊ အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း ဈေးများဌာန(၀၆၇-၃၄၁၄၂၉၃၊ ၀၆၇-၃၄၁၄၁၆၈)တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ တလိုင်းစုရပ်ကွက်၊ အကွက်အမှတ် (၁၅)၊ တလိုင်းစုကွင်း၊ ဦးပိုင်အမှတ် (၁၂)၊၊ မြေဧရိယာ ၀ဒသမ၀၃၃ကေရှိ မြေကွက်အား ဦးထင်ကျော်အောင်မှ မြေပေးမိန့်လျှောက်ထားမှုအပေါ် ၂၈-၉-၂၀၂၁ရက်တွင် ကျင်းပပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁)၊ ဆုံးဖြတ်ချက်အပိုဒ် ၅(ထ)အရ ကျသင့်အခွန်၊ ဒဏ်ကြေး များပေးဆောင်ပြီး မြေငှားဂရန် လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ရန် ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့သဖြင့် ဒဏ်ကြေးငွေပေးသွင်းပြီးဖြစ်ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးထင်ကျော်အောင် ၆/မမန(နိုင်)၁၃၁၁၇၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အများသိစေရန် ကြေညာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေအိုး (၂)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂)၊ ရွှေအိုးရပ်တောင်၊ ဦးပိုင် (၁၀၈-က)၊ ပိုင်ဆိုင်ခွင့် -B၊ ဧရိယာ ၀ဒသမ၀၇၂ကေရှိ ဝိုင်းမြေကွက်မှာ ဦးမောင်ဝင်းအမည်ပေါက်ဝိုင်းမြေကွက်ဖြစ်ပြီး ဦးမောင်ဝင်း ၈/မသန(နိုင်)၀၃၀၀၂၇နှင့် လွန်ခဲ့သော ၄၄ နှစ်ခန့်ကတည်းက ဒေါ်ကြည်ရင် ၈/မသန(နိုင်)၀၃၁၈၉၃တို့သည် အတူနေထိုင်ပေါင်းသင်းပြီး ခင်ပွန်း ဦးမောင်ဝင်း သည် ၁၂-၈-၂၀၂၁ရက်က ကွယ်လွန်ခဲ့သဖြင့် တောင်တွင်းကြီးမြို့နယ်တရားရုံးတွင် ၁၅-၂-၂၀၂၂ရက်စွဲပါ မှတ်ပုံတင်အမှတ်- ၁၈/၂၀၂၂ ဖြင့် ကျမ်းကျိန်ဆိုခဲ့ပြီး ဦးမောင်ဝင်းအမည်ပေါက်မြေကွက်အား ၎င်းသာ အမွေဆက်ခံခွင့်အရ ပိုင်ဆိုင်ခဲ့ခြင်းကြောင့် ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ပေးပါရန် တင်ပြလာမှုအပေါ် ကန့်ကွက်လိုပါက ၁၅ရက်အတွင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြို့နယ်ဦးစီးမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**တောင်တွင်းကြီးမြို့**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်နေ ဒေါ်အိမ့်သက်မှူး(ဘ)ဦးသီဟအောင် ၉/မထလ(နိုင်)၃၃၄၁၁၂ ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမ့်သက်မှူးသည် ဦးကျော်ဇင်ဦးအပေါ် မိတ္ထီလာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်- (၃၇/၂၀၂၁)၊ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၄-၂-၂၀၂၂ရက်တွင် တရားရုံးတော်မှ ဒေါ်အိမ့်သက်မှူး တောင်းဆိုသည့်အတိုင်း တစ်ဖက်သတ် အနိုင်ဒီကရီချမှတ်ခဲ့သည့်အတွက် ဒေါ်အိမ့်သက်မှူးနှင့် ဦးကျော်ဇင်ဦးတို့သည် အကြင်လင်မယားအရာမှ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ဦးကျော်ဇင်ဦးနှင့်ပတ်သက်သော ကိစ္စအဝဝကို ဒေါ်အိမ့်သက်မှူးမှ တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမ့်သက်မှူး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတိုးနိုင်လင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၂၅၄) (၁၀-၂-၂၀၁၂)**
**ပြည်သာယာ (တောင်)ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၄၄၀၃၇၆၉၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ကေရှိ နှစ် ၃၀ မြေငှား စာချုပ်မြေကွက်အမှတ် (ပ-၂၃၈၁၈)၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ခင်ဦးကြည်(ဘ)ဦးသန်းအုံး ၁၂/မရက(နိုင်)၀၃၄၁၇၉မှ မြေငှားစာချုပ်မူရင်းပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း မိတ္တူ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး နှစ် ၃၀ မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ ပျောက်ဆုံးသွားသော နှစ် ၃၀ မြေငှားစာချုပ်မူရင်းအားပယ်ဖျက်၍ မြေငှားစာချုပ်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ကေရှိ ဦးအေးချိုတူး ၁၂/ရကန(နိုင်)၀၂၅၆၈၈(ဘ)ဦးအေးကို အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၀၇၄) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄/၂၀၂၂ (၃-၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသူရဟန် ၉/ပမန(နိုင်)၁၂၈၇၇၃ (ဘ)ဦးဟန်ညွန့်မှ ဒေါ်စန္ဒာဝင်း ၉/ပမန(နိုင်)၁၂၆၂၉၂ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း (တောင်/အရှေ့)ရပ်ကွက်၊ ဈေးကြီးလမ်းနှင့် ရေတွင်းကုန်း(၃)လမ်းထောင့်၊ တိုက်အမှတ် (၁)ခေါ်(၉၇)၊ အခန်း-မြေညီထပ်+ထပ်ခိုးပါ အကျယ်အဝန်း (၃၅ပေ× ၄၀ပေ) ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြမြရီ (၁၂/ပဘတ(နိုင်) ၀၀၆၈၈၈)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၆၄၄/၂၀၁၁)ရထားသူ ဒေါ်မြင့်မြင့်ရီ (၁၂/ပဘတ (နိုင်) ၀၀၆၈၉၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၃၀)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃** |

## မိခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နန့်ယား) Grade(4)တွင် ပညာသင်ကြားနေသော မသီရိဌေး၏မိခင်အမည်မှန်မှာ ဒေါ်မြင့် မြင့်ဌေး ၁/ကမန(နိုင်) ၀၀၃၀၁၀ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/4170 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် M/0978 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အမည်ပြောင်း

ဦးထက်အောင်ထွေး ၈/မဘန(နိုင်) ၀၉၆၆၅၄၏သား စကုမြို့၊ အထက(ခွဲ) (တောင်ရပ်)၊ Grade (8)မှ မောင်ငြိမ်းထက်အောင်အား မောင်ဉာဏ်ဘုန်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဉာဏ်ဘုန်းထက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/7491 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ကေရှိ မြေကွက်အမှတ် (ပ-၂၂၅၂၆)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်မြင့်မြင့်စိန် ၁၂/စခန(နိုင်)၀၂၀၅၆၃ (ဘ) ဦးမောင်မောင်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါ သည့်ရက်မှစ၍ ရက် ၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ မြေချ ပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/အေ)ရပ်ကွက်၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၆၇၆)၊ ဧရိယာပေ(၄၀x၆၀)ရှိ ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း ဧရိယာပေ (၂၀x၆၀)ရှိ မြေနှင့် ယင်းမြေ၏အကျိုးခံစားခွင့်အားလုံးကိုဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသစ်နွယ် ၁၄/မမန(နိုင်)၁၅၄၆၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးကိုကိုရင် ၉/မနမ(နိုင်)၀၀၄၉၃၀ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/3278, Toyota Hilux REVO Pickup (OPEN CAR) (4x4)Lယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းလှဦး ၁၃/နစန(နိုင်)၀၃၁၀၉၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/25080, WAVE 110 CC. M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွန့်ညွန့်တင် ၁၂/သကတ(နိုင်) ၀၆၀၆၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ ဆိုင်းကြီးတန်းရပ်၊ အမှတ် (၇၃/အေ)နေ (ဘ)ဦးဂီ၏ သားဖြစ်သူ ဦးမောင်မောင်ကြီး ၁၀/မလမ(နိုင်)၀၁၈၁၄၀ နှင့် (ဘ) ဦးစံအုန်း၏ သမီးဖြစ်သူ ကျွန်မ ဒေါ်မိမိအုန်း ၁၀/မလမ(နိုင်)၁၈၂၀၃၈ တို့သည် ၁၁-၁-၂၀၂၂ ရက်တွင် တရားဝင်ကွာရှင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဦးမောင်မောင်ကြီးနှင့် လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် တစ်စုံတစ်ရာဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိမိအုန်း(ဘ)ဦးစံအုန်း**
**၁၀/ မလမ(နိုင်)၁၈၂၀၃၈**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ် ၁၁/၂၈(က) ထားဝယ်စုတောင်ကွင်း၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ ၀ ဒသမ ၀၉၈ကေရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၇/၁၉၉၄-၁၉၉၅)အရ ဒေါ်သန်းသန်းယု၊ ဦးသန်းမောင်၊ ဦးကံအို၊ ဦးစိုးသိန်း(ခ)ဦးရှမ်းဝင်းတို့အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၃၁-၁၂-၂၀၂၀ ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ မူလအမည်ပေါက်သူတို့အနက် ဦးသန်းမောင်သည် ၂-၇-၂၀၁၇ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ချွန်ဖောင်းမှ ဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်ဆိုခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အသစ်)လျှောက်ထားနိုင်ရေး ဦးကံအို ၆/မအရ(နိုင်)၀၈၂၉၂၃၊ ကွယ်လွန်သူ ဦးသန်းမောင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဇနီးဖြစ်သူ ဒေါ်ချွန်ဖောင်း ၆/မအရ(နိုင်)၀၈၂၈၃၆၊ ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း ၆/မအရ(နိုင်)၀၂၇၀၂၃၊ ဒေါ်သန်းသန်းယု ၆/မအရ(နိုင်)၀၂၇၀၂၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

**မွေးသက္ကရာဇ် အမှန်**

ဦးမင်းဇော် ၇/ကတခ(နိုင်)၁၀၀၀၀၂၏သမီး ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) အထက အဌမတန်း Grade-9မှ မနော်ဒေးရေဝါး ၏မွေးသက္ကရာဇ်အမှန်မှာ (၂၅-၂-၂၀၀၆)ဖြစ်ပါကြောင်း။

## ဗိုလ်ချုပ်သရေစည်သူ သူရ သီဟသူရ စစ်မောင်
## (၂၁)နှစ်ပြည့် ကုသိုလ်ဒါနပြု အမျှပေးဝေခြင်း

ကျေးဇူးရှင်ဖေဖေ မိသားစုနဲ့ ခွဲခွာသွားတာ ၁၉-၂-၂၀၂၂ရက်မှာ (၂၁)နှစ်ပြည့်ပါပြီ။ ဖေဖေရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့တမ်းတသတိရရင်း နေ့စဉ်၊ လစဉ်၊ နှစ်စဉ် မပြတ် လှူဒါန်းခဲ့တဲ့ ကောင်းမှုကုသိုလ်အစုစုတို့အတွက် အမျှပေးဝေပါတယ်။ ကျေးဇူးရှင် ဖေဖေ မြင့်မြတ်ရာ ဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်ခင်ဖြူဝင်းနှင့် သားသမီးမြေးများ**

## (၂၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဗိုလ်မှူးစိုးနိုင်(ကိုကိုမောင်)
## လေ-၁၈၆၂
## D.S.A(23)ရဟတ်ယာဉ်မှူး

ချစ်လှစွာသောအစ်ကိုကြီး မိသားစုနှင့် ရုတ်တရက်ခွဲခွာသွားသည်မှာ ယနေ့ ၁၉- ၂-၂၀၂၂ရက်ဆိုလျှင် (၂၁)နှစ်ပြည့်မြောက်သွားပြီဖြစ်သော်လည်း မိသားစု ညီအစ်ကိုမောင်နှမများအနေဖြင့် တစ်နေ့တစ်ရက်မှမေ့မရပါ။ အစ်ကိုကြီးဗိုလ်မှူးစိုးနိုင်အတွက် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ ယခုရောက်ရှိသော ဘုံဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ပြုပြုသမျှ ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်ရာဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ . . .

| | | |
|---|---|---|
| **ချစ်ဇနီး** | - | (ဒေါ်ခင်စံပယ်လှတင်) |
| **ချစ်သားသမီးများ** | - | မဝင့်ဖြူကိုကိုမောင်(KBZ Bank)<br>ဗိုလ်မှူးဝင်းထက်အောင်(တပ်မတော်လေ)-<br>မရွှန်းလဲ့ကိုကိုမောင် |
| **မြေးငယ်လေး** | - | မဆုသံစဉ် |
| **ညီအစ်ကိုမောင်နှမများ** | - | ဒေါ်ခင်မမနှင့် ညီအစ်ကိုမောင်နှမများ<br>(နှင်းပုလဲမိသားစု)တမာကုန်းရပ်ကွက်၊<br>အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| **ချစ်ညီလေး** | - | ဦးမြင့်ထွန်း(ခရိုင်အုပ်ချုပ်ရေးမှူး)-ဒေါ်မဇ္ဈူမြင့်<br>ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8337 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

ခင်ဦးမြို့နယ်၊ ညောင်ပင်ကြီးစုရွာ အထက ဒသမတန်းမှ မောင်နန်းအောင်ချစ်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဦး**

### ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အထက(ခွဲ) အမှတ်(၁)၊ Grade (6)မှ မောင်ညီမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်သူမျိုး ၇/ပခတ(နိုင်)၀၅၄၇၀၉ ဖြစ်ပါကြောင်း။

**ဦးကျော်သူမျိုး**

### ပတ်စ်ပို့ပျောက်

ကျွန်မ မဖြူသဇင်မိုး ၃/မဝတ(နိုင်)၀၉၁၃၆၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၆၁၀၈၃၃**

### ပတ်စ်ပို့ပျောက်

ကျွန်မ မဖြူစံပယ်မိုး ၃/မဝတ(နိုင်)၀၉၁၅၀၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၁၂၈၇၀၁၄**

### အမွေပြတ်စွန့်လွှတ်ခြင်း

ကြာအင်းဆိပ်ကြီးမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ခွာညိုလမ်းနေ ဦးတင့်လွင် ၃/ကဆက(နိုင်)၀၀၆၀၁၉-ဒေါ်အေးအေးမြိုင် ၃/ကဆက(နိုင်)၀၀၂၉၃၃ တို့၏ သား မောင်လွင်ကိုကို ၃/ကဆက(နိုင်)၀၆၈၄၁၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင့်လွင်-ဒေါ်အေးအေးမြိုင်**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကန်ကြီးထောင့်မြို့၊ အမှတ်(၁) ရပ်ကွက်၊ ဘုရားကြီးလမ်းနေ ဦးမြင့်သိန်း-ဒေါ်တင်တင်ဝင်းတို့၏သား မောင်ရဲဝေအောင် ၁၄/ပသန(နိုင်)၀၈၅၈၃၅ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည် မိဘများနှင့်လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်း-ဒေါ်တင်တင်ဝင်း**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/6367, MAZDA CXS JM 8KE 2/N, Station Wagon ယာဉ်အမည်ပေါက်သူ ဒေါ်ခင်သီတာဦး ၆/မအရ(နိုင်)၀၀၂၄၁၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်အေးသိန်း
### အသက်(၇၈)နှစ်

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)မှ ဒုတိယဗိုလ်မှူးကြီးတင်ဦး(ငြိမ်း)-ဒေါ်သီတာတင်တို့၏ မိခင်ကြီး ဒေါ်အေးသိန်း အသက်(၇၈)နှစ်သည် ၁၆-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးသိန်း
### အသက်(၇၈)နှစ်

SMART Concrete Products Co.,Ltd ၏ ဥက္ကဋ္ဌဖြစ်သူ ဦးတင်ဦး-ဒေါ်သီတာတင်တို့၏မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးသိန်း အသက်(၇၈)နှစ်သည် ၁၆-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**SMART Concrete Products Co.,Ltd**
**ဦးဘုန်းမြင့်နိုင်(ဒုတိယဥက္ကဋ္ဌ)**
**ဦးဝင်းကိုကို(ဒါရိုက်တာ)**
**ဝန်ထမ်းများအားလုံး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး
## ဦးစက်ဝင်း(ရေဦး)
### အနန္တမေတ္တာတံဆိပ်ရိုက်လုပ်ငန်း၏ ပိုင်ရှင်
### ရေဦးမြို့နယ်အသင်း(ဘဏ္ဍာရေးမှူး)
### မူလ ကမ္ဘာအေးလေးစေတီနှင့် ကြီးငါးကြီး ဆုတောင်းပြည့်ဘုရား ဂေါပက -ဒုတိယဥက္ကဋ္ဌ
### အသက်(၆၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်နေ (ဦးဖိုးပြန်-ဒေါ်ဖွားရန်)တို့၏သား၊ ကိုသူရိန်ဦး-ဒေါက်တာ အေးဖြိုးဖြိုးမောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊မောင်ဉာဏ်ဘုန်းမောင် ၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၈-၂-၂၀၂၂ရက် (သောကြာနေ့) နံနက် ၇:၅၀နာရီတွင် ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး အနောက်ရပ်ကွက်၊ ရွှေဂုံပလာ ဇ၁၀င်း၊ Land Mark Tower အခန်း အမှတ်(A/2 ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် စတင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအေးမင်းဇော်
### ဌာနမှူး(စီမံ/ဘဏ္ဍာ) ပြည်တက္ကသိုလ်
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်းနေ ဦးဘရီ-ဒေါ်မညို့တို့၏ သား၊ ဦးသန်းတင်-(ဒေါ်ခင်ရွှေ)တို့၏ သားသမက်၊ ပြည်တက္ကသိုလ်ဝင်းနေ ဒေါ်ခင်စန်းငွေ၏ ချစ်လှစွာသော ခင်ပွန်း၊ မခင်ဆုဟန်၊ မောင်ခန့်စည်ပာိန်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၇-၂-၂၀၂၂ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် သင်ကြား/စီမံ အရာထမ်း၊ အမှုထမ်းများ ပြည်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ၊ မြေကွက်အမှတ် ၁၇၇၊ ၁၇၈ ဧရိယာ ၀ ဒသမ ၀၈၈ဧကေ၊ မြေကွက်တည်နေရာအမှတ် ၃၈/အေ၊ (၁၄၈)လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ် ဦးသိန်းဒန် အမည်ပေါက် မြေပိုင်မြေအား တရားလို ဦးမျိုးမင်းစိုးနှင့် ဒေါ်ဝေဝေသက်တို့မှ တရားပြိုင် ဦးသိန်းဒန်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၆၈၂ဖြင့် ၂၈-၁-၂၀၂၀ရက်တွင် ချမှတ်သည့် စီရင်ချက် အနိုင်ဒီကရီ(တာဝန်ခံမိတ္တူမှန်)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၄၄၏ (တာဝန်ခံမိတ္တူမှန်)၊ ၂၀-၃-၂၀၂၀ရက်တွင် ဘီလစ်ခန့်အပ်ကြောင်းအမိန့်၊ တရားရုံး မှ ဘီလစ်ခန့်စာတင်ပြပြီး တရားရုံးများကိုယ်စား ဘီလစ်ဒေါ်နိုနိုဝင်းကို ၇/ညလပ(နိုင်) ၁၃၇၃၆၄က တရားရုံး အထောက်အထားများတင်ပြပြီး ဧရိယာ ၀ ဒသမ ၀၄၃ဧကရှိ မြေပိုင်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျားအရှေ့ ၁၇ပေခွဲxအနောက်ဘက်အခြမ်း ၂၇ပေxအနံ ပေ၆၀)ခန့် Portion အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးညွန့်မောင်ရှိန်
### သံအမတ်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့
### အသက်(၇၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံအမတ်ကြီး(ငြိမ်း)နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း) ဦးညွန့်မောင်ရှိန်သည် ၁၇-၂-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ မြန်မာသံရုံး၊ တိုကျိုမြို့**

## ဒေါ်ငွေးငွေးညို
### အသက်(၈၁)နှစ်

(ဦးထိုင်ရှင်-ဒေါ်အေးတင်)တို့၏ချွေးမ၊ (ဦးညို-ဒေါ်သန်းမြင့်)တို့၏သမီး၊ (ဦးဆက်ထွန်း)-ဒေါ်ခင်ရီ၊ ဦးစိုးလွင်-(ဒေါ်ကြင်ရီ)၊ (ဦးဆန်းထွန်း)-ဒေါ်ခင်စီ တို့၏ ချစ်လှစွာသော ညီမ၊ (ဦးမြင့်လှိုင်)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်ထက်-ဒေါ်စုစုလှိုင်၊ ဦးအောင်သူမိုး-ဒေါ်ယုယုလှိုင်၊ ဦးကျော်စိုးလှိုင်-ဒေါ်ယုယုမေတို့၏ ချစ်လှစွာသော မိခင်၊ မြေး ခြောက်ယောက်တို့၏ချစ်လှစွာသော အဘွား ဒေါ်ငွေးငွေးညို အသက်(၈၁)နှစ်သည် ၁၇-၂-၂၀၂၂ရက် (ကြာသပတေးနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် အမေရိကန်နိုင်ငံ FREMONT မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၂ရက်(စနေနေ့)တွင် အမေရိကန်နိုင်ငံ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဖေစိုး(ပဲခူး)
### အသက်(၇၇)နှစ်

ဦးအောင်ချင်း(လက်ထောက်အထွေထွေမန်နေဂျာ)၏ဖခင် ဦးဖေစိုးသည် ၁၈-၂-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ပြည်တော်သာ ၄လမ်း၊ အမှတ် ၅၀၂နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကုမ္ပဏီဝန်ထမ်းများမှ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုမ္ပဏီဝန်ထမ်းများနှင့် မိသားစုဝင်များ**

## ဒေါ်ယဉ်ယဉ်ကြည်
### အလယ်တန်းကျောင်းအုပ်(ငြိမ်း)
### အလက(၂)ဒဂုံ
### အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ကြည်)-ဒေါ်တင်မြင့် တို့၏သမီး၊ ဒေါ်သင်းသင်းကြည်၊ ဦးကျော်ဝင်း-ဒေါ်အေးအေးကြည်၊ ဒေါ်ခင်ငြိမ်းကြည်၊ ဦးဂွမ်းတန်-ဒေါ်ခင်အေးကြည်တို့၏ ညီမ၊ ဦးကြီးမြင့်-ဒေါ်ချိုချိုသိန်း၊ ဒေါ်ကြည်ကြည်အောင်တို့၏အစ်မသည် ၁၈-၂-၂၀၂၂ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့နယ်နေ မမန်ဂျီသားနှင့် မပုလဲဖြူ ၉/ပဥလ(နိုင်)၀၅၄၈၆၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ MOTHER'S LOVE ကိုယ်ပိုင်အလယ်တန်းကျောင်း Grade 1 ကျောင်းဝင်အမှတ်(၀၁၇၃) မောင်ဖွဲ့မင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်အောင် ၉/ပဥလ(နိုင်)၀၃၅၂၂၈ ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်အောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးညွန့်မောင်ရှိန်(သံအမတ်ကြီး-ငြိမ်း)
### ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၆/က-၁)၊ ပညာဝတီလမ်းနေ ဒေါ်သန္တာဆွေ၏ချစ်လှစွာသောခင်ပွန်း ဦးညွန့်မောင်ရှိန် (သံအမတ်ကြီး-ငြိမ်း) သည် ၁၇-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာလှမောင်(သံအမတ်ကြီး-ငြိမ်း)မိသားစု**
**ဦးကိုကိုလတ် နှင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဟိန်းထက်အောင်
### လေ- ၃၅၈၆
### သူရဲကောင်းမှတ်တမ်းဝင်
### အသက်(၃၃)နှစ်

နေပြည်တော် ကောင်စီနယ်မြေနေ ဦးသန်းအောင်(စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)-ဒေါ်အေးအေးဝင်းတို့၏ တတိယမြောက်သား၊ မနှင်းအဥ္ဇလီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးဟိန်းထက်အောင်(လေ)သည် ၁၆-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၄၃ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်စဉ် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဟိန်းထက်အောင်
### လေ- ၃၅၈၆
### သူရဲကောင်းမှတ်တမ်းဝင်
### အသက်(၃၃)နှစ်

နေပြည်တော် ကောင်စီနယ်မြေနေ ဦးသန်းအောင်(စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)-ဒေါ်အေးအေးဝင်းတို့၏ တတိယမြောက်သား၊ မနှင်းအဥ္ဇလီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးဟိန်းထက်အောင်(လေ)သည် ၁၆-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၄၃ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်စဉ် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီး သိန်းဆွေ(ငြိမ်း)နှင့် ဒေါ်ခင်မာဦး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/74855, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ထိုက် ၇/ပတန(နိုင်)၁၀၉၇၅၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းထောင့်ရှိ အမှတ်(၁၁၂) "ရွှေမိုးကောင်းကွန်ဒို အဆင့်မြင့်အိမ်ရာ" တိုက်(G)၊ အခန်းအမှတ်(၇၀၃)ဟုခေါ်တွင်သော ဧရိယာ ၁၃၁၇ စတုရန်းပေ အကျယ်အဝန်းရှိ ရေ၊ မီးအစုံ ကွန်ဒိုတိုက်ခန်းကို Great Master Construction Co.,Ltd ထံမှ အပြီးအပိုင်ဝယ်ယူ၍ တရားဝင်တိုက်ခန်းပိုင်ရှင်အဖြစ် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မို့မို့ကြည် ၁၂/ရကန(နိုင်)၀၀၄၃၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိစန္ဒီစိုး(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၀)**
**အမှတ်-၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၉၁၀၇၂၆၁**

## ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ပညာရေးကို ဦးစားပေးမြှင့်တင်

**"ပညာတတ်များပေါကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်"**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန် မြို့နယ်နှင့် ခိုလမ်မြို့တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားခဲ့မှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ယနေ့ **သ တင်း အ ညွှန်း**

**ပိုလီယိုရောဂါနှင့် ကိုဗစ် - ၁၉ တိုက်ဖျက်ရေးအတွက် ဘီလ်ဂိတ် ပါကစ္စတန်သို့ သွားရောက်**

နိုင်ငံတကာသတင်း စာ - ၁၂

**ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၅၈ ဦး တွေ့ရှိ**

ပြည်တွင်းသတင်း စာ - ၁၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

## အမျိုးသားလုံခြုံရေးနှင့် ကျန်းမာရေးတို့ကို ဦးတည်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဒေါက်တာ ပွင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်

*စာမျက်နှာ ၆ ကော်လံ ၁* ❖